မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၇ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၉၈)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆီးရီးယားနိုင်ငံ သမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

ရန်ကုန် မေ ၁၈

၂၀၀၆ ခုနှစ် မေ ၁၇ ရက်တွင် ကျရောက်သော ဆီးရီးယားအာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဆီးရီးယားအာရပ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘာရှာအယ်(လ်)အာဆက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နယ်မြေဒေသအားလုံး ဖွံ့ဖြိုးတိုးတက်စေရမည်ဆိုသည့် ခံယူချက်ဖြင့် တိုင်းရင်းသားညီအစ်ကိုအားလုံး စုစုစည်းစည်းဖြင့် ကြိုးစားလုပ်ကိုင်ပါက နိုင်ငံတော်ကြီး အတိုင်းမသိ ခေတ်မီဖွံ့ဖြိုးတိုးတက်လာမည်ဖြစ် ရေမြေသယံဇာတ ပြည့်စုံဖူလုံမှုရှိပြီးဖြစ်၍ တက်ညီလက်ညီ အလုပ်လုပ်ရန်လို

ရန်ကုန် မေ ၁၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်း၊ တံတားအထူးအဖွဲ့များက တာဝန်ယူတည်ဆောက်ဖောက်လုပ်ခဲ့သည့် ရန်ကုန်–ကျောက်ဖြူလမ်းမကြီးနှင့် မင်းကြောင်းချောင်းတံတား ဖွင့်ပွဲအခမ်းအနားများကို မြန်မာနှစ်ဆန်းတစ်ရက်နေ့ဖြစ်သည့် မေ ၁၇ ရက် နံနက်ပိုင်းက သက်ဆိုင်ရာနေရာများ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ အားပေးချီးမြှင့်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား နှုတ်ဆက်စကားပြောကြားကာ လမ်းဖွင့်ပွဲကမ္ပည်းမော်ကွန်းများကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡

ပြည်သူများ အပိုင်းကလည်း ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရမည်၊ မိမိနယ်မြေ မိမိဒေသသာမက မိမိနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရမည် ဆိုသည့်စိတ်ဓာတ် မွေးမြူကြရမည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေရန်ကုန်–ကျောက်ဖြူလမ်းမကြီး နှင့် မင်းကြောင်းချောင်းတံတား ဖွင့်ပွဲအခမ်းအနားတွင် တက်ရောက်လာကြသူများအား နှုတ်ဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဧပြီလ ၁၉ ရက်)

နိုင်ငံတော်ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေး ညီညီညွတ်ညွတ် ကြိုးစားပမ်းစား အလုပ်လုပ်ကြရမည်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧပြီလ ၁၂ရက်နေ့ နံနက်ပိုင်းက ရခိုင်ပြည်နယ် စစ်တွေမြို့ စစ်တွေတပ်နယ် အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ စစ်တွေခရိုင်နှင့် စစ်တွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာ၌ နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

“နိုင်ငံတော်အပိုင်းက ဖန်တီးတည်ဆောက်ပေးထားသော အခြေအနေကောင်းများကို တန်ဖိုးရှိရှိ၊ ထိုက်ထိုက်တန်တန်အသုံးချ၍ မိမိတို့ပြည်နယ်၊ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်အောင် လူတိုင်းလူတိုင်းက ဖိဖိစီးစီး ကြိုးကြိုးစားစား အလုပ်လုပ်သွားကြရန် အရေးကြီးကြောင်း၊ အလုပ်လုပ်မှသာ ကုန်ထုတ်လုပ်မှု တိုးတက်မှာဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုတိုးတက်မှသာ စီးပွားရေးတိုးတက်မှာဖြစ်ကြောင်း၊ နိုင်ငံတော်၏ မွန်မြတ်သောစေတနာနှင့် ရည်ရွယ်ချက်ကို အလုပ်လုပ်ပြီး တုံ့ပြန်ရန်လိုကြောင်း”

လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးအကြား ဆူကြဲနိမ့်မြင့်ကွာဟမှုများ လျော့နည်းကျဆင်းပြီး နယ်မြေဒေသအားလုံး ညီညီမျှမျှတစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာစေရန် အခြေခံအဆောက်အအုံများစွာကို ဘဏ္ဍာငွေအမြောက်အမြား အကုန်အကျခံ၍ နိုင်ငံအနှံ့ ဖြန့်ကြက်တည်ဆောက်ပေးလျက် ရှိသည်။

နိုင်ငံတော်အနေဖြင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး၊ သွားလာမှုလွယ်ကူစေရေးအတွက် ရန်ကုန်–အမ်း–စစ်တွေ ကားလမ်းကြီးကို ခက်ခက်ခဲခဲ ဖောက်လုပ်ပေးခဲ့ပြီးဖြစ်သည်။ ကျောက်ဖြူ–ရန်ကုန် ကားလမ်းကြီးကိုလည်း ဒီရေတော၊ ဖြုံးတောများကို ဖြတ်သန်း၍ ခက်ခဲစွာဖောက်လုပ်လျက်ရှိရာ ရန်ကုန်–စစ်တွေ ပြည်ထောင်စုလမ်းမကြီးကဲ့သို့ပင် ရန်ကုန်–ကျောက်ဖြူ ပြည်ထောင်စုလမ်းမသစ်ကြီး ပေါ်ထွက်လာခဲ့ပြီဖြစ်သည်။

ရခိုင်ပြည်နယ်ကဲ့သို့ပင် တနင်္သာရီတိုင်း၌ ကော့သောင်း–ဘုတ်ပြင်း–တနင်္သာရီ–မြိတ်–ထားဝယ် လမ်းမကြီးကိုလည်း အခက်အခဲများကြားမှ ဖောက်လုပ်ပေးခဲ့ပြီးဖြစ်သည်။

ထို့အတူ ရေလမ်းခရီးကိုသာ အဓိကအားကိုးအားထားပြုနေရသည့် ဧရာဝတီတိုင်း၌လည်း လိုအပ်သော ကားလမ်းနှင့်တံတားများကို တည်ဆောက်ပေးခဲ့ပြီးဖြစ်၍ ဧရာဝတီတိုင်းသည် ယခင်ကနှင့်မတူ လမ်းပန်းဆက်သွယ်သွားလာမှု လွယ်ကူမြန်ဆန်ပြီး အရှိန်အဟုန်ဖြင့် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လျက်ရှိနေပြီ ဖြစ်သည်။

လမ်းပန်းဆက်သွယ်မှု အခြေခံကောင်းများရရှိလာသည်နှင့်အမျှ နယ်မြေဒေသအသီးသီး၏ စီးပွားရေး၊ လူမှုရေးအပါအဝင် လူနေမှုဘဝများသည်လည်း အမှန်တကယ် မြင့်မားတိုးတက်လာမည် ဖြစ်သည်။

ပြည်ထောင်စုကြီးရှိ နယ်မြေဒေသအသီးသီး၏ အနေအထားအရ စီးပွားဖြစ်ထွန်းရန် အလားအလာကောင်းများ ကိုယ်စီရှိကြသည်။ ဥပမာအားဖြင့် ရခိုင်ပြည်နယ်သည် မြစ်ဝကျွန်းပေါ်ဒေသမျိုးဖြစ်ပြီး စိုက်ပျိုးမှုလုပ်ငန်း ဖြစ်ထွန်းအောင်မြင်သည့် ဒေသဖြစ်သည်။ ထို့အတူ ဇီဝဒီဇယ်ဆီထုတ်ယူရရှိနိုင်သည့် ကြက်ဆူပင်လည်း ပေါက်ရောက်သည်။ ခြံစည်းရိုးကြက်ဆူပင်သည် အလေ့ကျလွယ်လင့်တကူ ပေါက်ရောက်သည့် အပင်မျိုးဖြစ်သည့်အပြင် ဒေသတိုင်း၌ စနစ်တကျ တိုးချဲ့စိုက်ပျိုး၍ရနိုင်သည်ဖြစ်ရာ ကျေးလက်ဒေသသုံးစက်ယန္တရား အားလုံးအတွက် အသုံးပြုနိုင်သော ဇီဝဒီဇယ်ဆီကို ထုတ်ယူရရှိနိုင်သည့် အခွင့်အလမ်း ရရှိနေပြီ ဖြစ်သည်။

ထို့အပြင် စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ရော်ဘာပင်ကိုလည်း နိုင်ငံတော်၏ ဒေသအချို့မှအပ ဒေသအားလုံးလိုလို၌ ဖြစ်ထွန်းနိုင်သဖြင့် နိုင်ငံခြားဝင်ငွေရရှိသည့် ရော်ဘာပင်ကို တိုးချဲ့စိုက်ပျိုးနိုင်သော အခွင့်အလမ်းလည်းရှိသည်။

သို့ဖြစ်ရာ နယ်မြေဒေသအသီးသီး၏ ရေမြေသဘာဝသယံဇာတ အခြေအနေများသည် ကြီးပွားချမ်းသာနိုင်သည့် အခြေအနေကောင်းများဖြစ်၍ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသအသီးသီး စီးပွားရေး တောင့်တင်းခိုင်မာရေးတို့အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဒေသတာဝန်ခံများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအနေဖြင့် ညီညီညွတ်ညွတ် ကြိုးစားပမ်းစား အလုပ်လုပ်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အသေးငယ်ဆုံး ကင်မရာ

ကမ္ဘာ့အသေးငယ်ဆုံး ကင်မရာလေးတစ်ခုကို လက်ညှိုးပေါ်တွင် တင်၍ ပြသထားစဉ်။
(အပေါ်ပုံ)

အဆိုပါ ကင်မရာလေးမှာ ဗီဒီယိုရိုက်ကူး၍လည်းရသည့်အပြင် နာရီအဖြစ်လည်းကောင်း၊ ရေဒီယိုအဖြစ်လည်းကောင်း၊ ညအခါ အလင်းရောင် ရရှိရန် မီးအိမ်အဖြစ်လည်းကောင်း၊ ဆဲလ်ဖုန်းအဖြစ်လည်းကောင်း စွယ်စုံအသုံးပြု၍ရပြီး ကမ္ဘာပေါ်တွင်အသေးငယ်ဆုံးသော ကင်မရာလေး တစ်လုံးဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

လူသန်ကြီးများပြိုင်ပွဲ

မော်တော်ကား တာယာကြီးတစ်လုံးကို သယ်မရန် ကြိုးစားနေသူတစ်ဦးကို တွေ့ရစဉ်။
(အောက်ပုံ)

တရုတ်နိုင်ငံအရှေ့ပိုင်း ကျီကျင်းပြည်နယ် ဟန်ကျိုမြို့တွင် လူသန်ကြီးများ ပြိုင်ပွဲတစ်ရပ် ကျင်းပခဲ့ရာ တရုတ်အမျိုးသားတစ်ဦးက အလေးချိန် ကီလိုဂရမ် ၃၅၀လေးပြီး အချင်း ၂ဒသမ ၂မီတာရှိသည့် မော်တော်ကားတာယာကြီးတစ်လုံးကို ဤသို့ နိုင်နင်းစွာ သယ်မ ပြနိုင်ခဲ့ကြောင်း တွေ့ရသည်။ **(အင်တာနက်)**

သွေးထဲ၌ဗီတာမင်ကေပါဝင်မှုနှုန်းနည်းမှု အဆစ်အမြစ်ရောင်ရောဂါ ပိုမိုဖြစ်ပွားစေနိုင်

နယူးယောက် ဧပြီ ၁၈

သွေးထဲတွင် ဗီတာမင်ကေပါဝင်မှုနှုန်း နည်းခြင်းသည် လက်နှင့် ဒူးဆစ်များ ရောင်ရမ်းမှုတိုးတက်ပျံ့နှံ့စေခြင်းနှင့် ပတ်သက်လျက်ရှိကြောင်း လေ့လာချက်အရတွေ့ရှိရသည်။ အသက်ကြီးသူများတွင် အဓိကအားဖြင့် ဖြစ်ပွားလေ့ရှိသော အဆစ်အမြစ်ရောင်ခြင်းသည် အဆစ်များကို ခုခံပေးထားသည့် အရိုးနုများ ပျက်စီးသွားခြင်းကြောင့်ဖြစ်ပြီး အနာများဖြစ်လာသည့် အပြင် တောင့်တင်းမှုလည်းမရှိတော့ဘဲ တစ်ခါတစ်ရံအတိုင်းအတာတစ်ခုအထိပင် ရွေ့လျားမှုမပြုနိုင်တော့ပေ။

ပြဿနာရှိ

ဗီတာမင်ကေကြောင့် အဆစ်အမြစ်ရောင်ခြင်းမှာ သေချာမှုမရှိသေးသော်လည်း သွေးထဲတွင် ဗီတာမင်ကေပါဝင်မှုနှုန်းနည်းပါးခြင်းကမူ အဆစ်အမြစ်ရောင်သည့် ရောဂါပျံ့နှံ့မှုပိုအဖြစ်များသည်ကို မိမိတို့တွေ့ရှိရကြောင်း အဆစ်ရောင်နှင့် ဒူလာပါဒရက်ဂျာနယ်တွင် ရေးသားသူ ဘော့စတွန် တက္ကသိုလ်မှ သူဟီနာနီယိုဂျီကပြောကြားသည်။ ဗီတာမင်ကေကို အစိမ်းရောင်ရှိသည့် ဟင်းရွက်များတွင် အများဆုံးတွေ့ရတတ်သော်လည်း ဒိန်ခဲများ၊ အသည်းများ၊ ကော်ဖီနှင့် ရေနွေးကြမ်းတွင်လည်းတွေ့ရှိရကြောင်း၊ လူများတွင် သွေးခဲမှု ဖြစ်ပွားသည့် ပြဿနာရှိသည်ကို ဦးစွာတွေ့ရှိနေရကြောင်း မစ္စတာနီယိုဂျီက ပြောကြားသည်။

ဗီတာမင်ကေသည် အဆစ်အမြစ်ရောင်ရောဂါနှင့် ဆက်နွှယ်လျက်ရှိကြောင်း၊ တိရစ္ဆာန်များတွင် ဗီတာမင်ကေအပေါ်မူတည်နေသည့် အရိုးနှင့်အရိုးနု ပရိုတိန်း ဓာတ်အချို့ရှိကြကြောင်း၊ အဆိုပါပရိုတိန်းဓာတ်သည် မှန်မှန်ကန်ကန် အလုပ်မလုပ်သည့်အခါတွင် တိရစ္ဆာန်များသည်လည်း အဆစ်အမြစ်ရောင်နာ ရရှိလာတတ်ကြောင်း မစ္စတာနီယိုဂျီက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

နိုင်ငံတကာသတင်းများ

မြန်မာနှစ်ဆန်းတစ်ရက် ကောင်းမှုကုသိုလ်ပြုသူ အထူးများပြားစည်ကား

(မြန်မာ့အလင်း)

ကိုးမိုင်မဟာစည်တရားစခန်းဖွင့်

ရန်ကုန် ဧပြီ ၁၈

ရန်ကုန်မြို့ ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာတွင် ဧပြီ၁၀ရက်မှ၁၇ရက်အထိ နွေရာသီသင်္ကြန်တွင်း ခုနစ်ရက်တရားစခန်း ဖွင့်လှစ်ခဲ့ရာ တရားစခန်းပွဲသို့ ရဟန်း၊ အမျိုးသားယောဂီ၅၀နှင့် အမျိုးသမီးယောဂီ၅၀ စုစုပေါင်း ယောဂီ ၁၀၀ ဝင်ရောက်အားထုတ်ကြပြီး ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တကဝိဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဆရာတော်**(အောက်ပုံ)**ကိုယ်တိုင် ဝိပဿနာတရားတော်ကို နေ့စဉ်ဟောပြောခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၄-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ချမ်းသာပလာဇာ
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	Myanmar Video Rhythm
၈း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	မြစိမ်းရောင် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း (ပျားလိမ္မော်စိုက်ခင်း)
၈း၃၅	မေးကြည့်၊ ဖြေကြည့် ပဟေဠိ
၉း၀၀	မိုးလေဝသခန့်မှန်းချက်
၉း၀၅	ဘိုင်းဒါးတံတား
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀	နိုင်ငံတကာအနုပညာရေးရာ(၂)
၉း၅၀	တေးဂီတအစီအစဉ်
၁၀း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	Art & Technology Talk
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	ရှုချင်စရာ မျက်လှည့်ပဒေသာ
၁၁း၁၅	မင်းမသိသေးပါဘူးကွာ (ကြူကြူသင်း၊ ဌက်ပျောကြော်)
၁၁း၂၀	သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းညီလာခံ
၁၁း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀	မြန်မာစာ မြန်မာစကား(၃)
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၄ နာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	အစီအစဉ်	လိုင်း
၁း၁၀	Blackburn-Birmingham	5-Cartoons(Live)

Champion League ဘောလုံးပွဲစဉ်

ညပိုင်း	အစီအစဉ်	လိုင်း
၁း၀၀	Arsenal-Villarreal	5-Sports(Live)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ ခုနှစ်
ဦးတန်ခူးလပြည့်ကျော် ၇ ရက် (အဖိတ်နေ့)
၁၉-၄-၂၀၀၆ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာ နာယက အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	အတီးပြိုင်ပွဲ
၈း၀၅	၆။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၁၅	၇။	အဆိုပြိုင်ပွဲ
၈း၂၀	၈။	ပမ္မဝတီတံတား(မြင်းကဆိပ်)
၈း၃၀	၉။	International News
၈း၄၅	၁၀။	Let's Go

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Practice in Reading
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
၁၇း၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၂၅	၇။	မြန်မာစာ မြန်မာစကား
၁၇း၃၅	၈။	သီချင်းကြီးပဒေသာ
၁၇း၄၅	၉။	**"အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ"** စိုးသူ၊ နန်းကလျာလှိုင် (ဒါရိုက်တာ-စောစန္ဒာလှိုင်)
၁၇း၅၀	၁၀။	ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၈း၀၀	၁၁။	ညနေခင်းသတင်း
၁၈း၃၀	၁၂။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၃။	အရေးပြိုင်ပွဲ
၁၈း၄၅	၁၄။	အကပြိုင်ပွဲ
၁၉း၀၀	၁၅။	တေးဂီတအစီအစဉ်
၁၉း၁၅	၁၆။	ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၉း၂၅	၁၇။	အတီးပြိုင်ပွဲ
၁၉း၄၀	၁၈။	မြန်မာမှုပန်းဆယ်မျိုး(ပန်းတဉ်း)
၂၀း၀၀	၁၉။	ပြည်တွင်းသတင်း
	၂၀။	နိုင်ငံတကာသတင်းများ
	၂၁။	မိုးလေဝသအခြေအနေ
	၂၂။	၂၀၀၅ ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ **"ဝိဓူရဇာတ်တော်ကြီး" (မကွေးတိုင်း)** (အပိုင်း-၂)

ထိုင်းနိုင်ငံ ဆွန်ကရန်ရေသဘင်ပွဲတော် လူ ၄၇၆ ဦးသေဆုံးပြီး ၅၉၈၅ ဦးဒဏ်ရာရရှိ ယာဉ်မတော်တဆဖြစ်မှု ၅၃၂၇ မှုပါဝင်

ရန်ကုန် ဧပြီ ၁၈

ထိုင်းနိုင်ငံ၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆွန်ကရန်ရေသဘင်ပွဲတော်ကို ဧပြီ ၇ ရက်မှ ၁၆ ရက်အထိ ၁၀ ရက်တိုင်တိုင်ကျင်းပခဲ့ရာ ပွဲတော်ကာလအတွင်း လူ၄၇၆ဦးသေဆုံးပြီး ၅၉၈၅ဦးဒဏ်ရာရရှိခဲ့သည်။ သေဆုံးထိခိုက်ဒဏ်ရာရရှိမှုတို့တွင် ယာဉ်မတော်တဆဖြစ်မှု ၅၃၂၇မှုပါဝင်သည်။

ဆွန်ကရန်ရေသဘင်ပွဲတော် တရားဝင်စတင်ကျင်းပသည့် ဧပြီ၁၃ရက် တစ်ရက်တည်းမှာပင် ယာဉ်မတော်တဆဖြစ်မှုကြောင့် သေဆုံးသူဦးရေ ၈၉ဦး ရှိခဲ့သည်။ ထိုသို့ မတော်တဆထိခိုက်မှုဖြစ်ရခြင်းမှာလည်း သောက်စားမူးယစ်ပြီး ယာဉ်မောင်းနှင်ကြခြင်းနှင့် ယာဉ်ကိုသတ်မှတ်မိုင်နှုန်းထက်ကျော်လွန်၍ မောင်းနှင်ခြင်းတို့ကြောင့်ဖြစ်သည်။

ယခုနှစ် ထိုင်းနိုင်ငံ ဆွန်ကရန်ရေသဘင်ပွဲတော်ကာလအတွင်း၌ သေဆုံးသူဦးရေမှာ ယမန်နှစ်ကထက် ၄၆ ဦးလျော့နည်းခဲ့ပြီး ထိုင်းနိုင်ငံအစိုးရက ပွဲတော်ကာလအတွင်း ယခင်နှစ်များကထက်ပို၍ စနစ်တကျ စည်းကမ်းထိန်းသိမ်းကြပ်မတ်ခဲ့ကြောင်း ဧပြီ၁၈ရက် ထိုင်းနိုင်ငံထုတ် "The Nation"သတင်းစာတွင် ဖော်ပြထားသည်။ (The Nation)

ဧပြီလတတိယ၁၀ရက်ပတ်အတွက် မိုးလေဝသခန့်မှန်းချက်ကြေညာ

ရန်ကုန် ဧပြီ ၁၈

ဧပြီလ တတိယ၁၀ရက်ပတ်တွင် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ကချင်ပြည်နယ်၊ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့၌ လေးရက်မှခြောက်ရက်ခန့်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့၌ သုံးရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့်တနင်္သာရီတိုင်းတို့၌ နေ့အပူချိန်မှာ ဖြစ်မြဲထက်ပိုပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့၌ ဖြစ်မြဲခန့်သာရှိမည်။

မြစ်ရေအခြေအနေမှာ ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့်ကသာမြို့တို့၌ စင်တီမီတာ၁၂၀(လေးပေ)ခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့၌ စင်တီမီတာ၆၀(နှစ်ပေ)ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့၌ စင်တီမီတာ၆၀(နှစ်ပေ)ခန့်နှင့် မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့၌ စင်တီမီတာ၃၀(တစ်ပေ)ခန့်လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

မုံရွာမြို့ မိုးရေချိန် စံချိန်သစ်တင်

ရန်ကုန် ဧပြီ ၁၈

ယနေ့ မြန်မာစံတော်ချိန် နံနက် ၉နာရီခွဲတွင် မုံရွာမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၇၀မီလီမီတာ ၂ဒသမ၇၅ လက်မသည် ယင်းမြို့၏ လွန်ခဲ့သော နှစ်ပေါင်း ၄၂နှစ်အတွင်း ဧပြီလအတွက် အများဆုံးတိုင်းထွာ ရရှိခဲ့သော ၂၄နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၄၆မီလီမီတာ ၁ဒသမ၈၁ လက်မဖြစ်ပြီး ၁၉၇၂ခုနှစ် ဧပြီ ၁၂ရက်တွင် ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ (သတင်းစဉ်)

အုပ်ချုပ်ရေးအရ မောင်တောဒေသကို မြို့နယ်အဆင့်မှ ခရိုင်အဆင့်သို့ မြှင့်တင်ပေးခဲ့ အခြေခံများကို ထိထိရောက်ရောက်အသုံးချ၍ ဒေသဖွံ့ဖြိုးအောင်ကြိုးစားဆောင်ရွက် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအရ တိုးတက်ခိုင်မာနေရေး ဖိဖိစီးစီးအလုပ်လုပ်

အခြားနယ်စပ်ဒေသများနှင့်အတူ ယှဉ်တွဲ၍ အရှိန်အဟုန်ရှိရှိ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးစား

ရန်ကုန် ဧပြီ ၁၈

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဧပြီ၁၇ရက် နံနက်ရနာရီတွင် ရဟတ်ယာဉ်များဖြင့် စစ်တွေမြို့မှ မောင်တောမြို့သို့ ရောက်ရှိသည်။

လှည့်လည်ကြည့်ရှု

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မောင်တောမြို့ ဖွံ့ဖြိုးတိုးတက်လာမှုကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် မောင်တောမြို့ သီရိမင်္ဂလာခန်းမ၌ မောင်တောခရိုင်နှင့် မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် မောင်တောခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရန်မျိုးအောင်က မောင်တောခရိုင်အတွင်း မိုးရွာသွန်းမှု၊ ခရိုင်၏မြေယာအသုံးချနိုင်မှု၊ မိုးစပါး၊ နွေစပါး စိုက်ပျိုးမှုနှင့် ဒေသဆန်ဖူလုံမှု၊ နှစ်ရှည်ပင်ရော်ဘာနှင့် သစ်ဆိမ့်စိုက်ပျိုးမှု၊ အမယ်သစ်သီးနှံ ငရုတ်ကောင်းစိုက်ပျိုးမှု၊ ကြက်ဆူပင်စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်စိုက်ပျိုးသွားရန် စီစဉ်ထားမှုများ၊ ကြက်သွန်နီစိုက်ပျိုးမှုနှင့် အထွက်နှုန်းများ၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ မွေးမြူနိုင်မှုများ၊ ရေငန်ပုစွန် တိုးတက်မွေးမြူနိုင်မှုများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာများ၊ ခရိုင်၏အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးများ၊ လူတစ်ဦးချင်းဝင်ငွေ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နိုင်ငံတော်၏ ဦးဆောင်အားပေးလမ်းညွှန်မှုအောက်မှနေ၍ ဒေသအသီးသီးသည် မိမိဒေသ၊ မိမိနယ်မြေ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိအောင် အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြကြောင်း၊ ဒေသအားလုံးသည်လည်း တစ်ပြိုင်တည်း မျှမျှတတ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လျက်ရှိနေကြကြောင်း၊ နယ်စပ်ဒေသဖြစ်သည့် မောင်တောဒေသသည်လည်း အခြားဒေသများနည်းတူ ဖွံ့ဖြိုးတိုးတက်ခြင်းရှိ-မရှိ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတော်အကြီးအကဲ ခေါင်းဆောင်ပြီး မိမိတို့ ယခုကဲ့သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ တွေ့ရှိချက်များအရရော တင်ပြချက်များအရပါ မောင်တောဒေသသည် သူ့အတိုင်းအတာနှင့်သူ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ဟု သုံးသပ်ရရှိကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မောင်တောမြို့ သီရိမင်္ဂလာခန်းမ၌ မောင်တောခရိုင်နှင့် မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်းစဉ်)

ဒေသဆန်ဖူလုံအောင်ကြိုးပမ်း

ရခိုင်ပြည်နယ်အနေဖြင့် ဒေသဆန်ဖူလုံမှု ၁၄၉ရာခိုင်နှုန်းကျော်ရှိသော်လည်း မောင်တောမြို့နယ်အနေဖြင့် ဒေသဆန်ဖူလုံမှု မရှိသေးသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် မိမိဒေသအတွင်း မြို့နယ်အလိုက် ဒေသဆန်ဖူလုံမှုရှိလာအောင် ကြိုးပမ်းသွားကြရမှာ ဖြစ်ကြောင်း။

ဤဒေသသည် တစ်ဖက်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် ဒေသဖြစ်ကြောင်း၊ ထို့ကြောင့် ဤဒေသ၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများသည် တာဝန်သိမှု၊ သစ္စာရှိမှု၊ မျိုးချစ်စိတ်ဓာတ်ရှိမှုတို့ဖြင့် ပေါင်းစပ်၍ မိမိတို့၏လုပ်ငန်းတာဝန်တို့ကို ပိုမိုအလေးထားဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ မိမိဒေသ၏ စီးပွားရေးအင်အား၊ ကူးသန်းရောင်းဝယ်ရေးအင်အားတို့ကို ခိုင်ခိုင်မာမာထူထောင်ထားရန်လိုကြောင်း။

အကောင်အထည်ဖော်

ထို့ကြောင့် ဤဒေသအပါအဝင် နိုင်ငံတော်ကြီးတစ်ရပ်လုံး အရှိန်အဟုန်မပျက် ဆက်လက်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်၏အမျိုးသားရေး မူဝါဒများနှင့်အညီ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်လက်တွဲညီညီပူးပေါင်း၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် ယနေ့ မိမိတို့ မောင်တောဒေသသို့ ရောက်ရှိလာသည့်အခါ မောင်တောဒေသသည် အတိုင်းအတာတစ်ရပ်အထိ ဖွံ့ဖြိုးစည်ပင်နေသည်ကို တွေ့ရှိရကြောင်း၊ ယင်းသို့ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်နိုင်ရေးအတွက် အုပ်ချုပ်ရေးအရ မောင်တောဒေသကို မြို့နယ်အဆင့်မှ ခရိုင်အဆင့်သို့ အဆင့်မြှင့်တင်ပေးခဲ့ပြီဖြစ်ကြောင်း။

အထောက်အကူပြု

အုပ်ချုပ်ရေးသည် ဒေသတစ်ခု၏ စီးပွားရေး၊ လူမှုရေးအတွက် အဓိကလည်ပတ်အထောက်အကူပြုနေသော ယန္တရားဖြစ်ကြောင်း၊ တစ်ဖက်အိမ်နီးချင်းနိုင်ငံနှင့် နီးနီးစပ်စပ်ဆက်စပ်နေသည့် ဒေသဖြစ်၍ အုပ်ချုပ်ရေးအရ တောင့်တင်းခိုင်မာနေအောင်၊ တစ်ဖက်နိုင်ငံနှင့် တန်းတူရည်တူ ဆက်ဆံနိုင်အောင် ဒေသ

စာမျက်နှာ ၅ ကော်လံ ၁ သို့

❒ ဒေသတာဝန်ခံများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံများအနေဖြင့် လျော့ရိလျော့ရဲမနေထိုင်ဘဲ မိမိတို့၏ နယ်မြေဒေသကို နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ ဖွံ့ဖြိုးတိုးတက်ခိုင်မာနေအောင် ဖိဖိစီးစီး ကြိုးကြိုးစားစား အလုပ်လုပ်ကြရန်လိုအပ်၊ ဒေသဖွံ့ဖြိုးရေးကို ဖော်ဆောင်ရာ၌လည်း မိမိဒေသအတွင်းရှိ ကျေးလက်ဒေသများပါ တစ်ပါတည်း ဖွံ့ဖြိုးလာအောင် ထိထိရောက်ရောက် ကွင်းဆင်းဆောင်ရွက်ကြရမည်။

မဟာမုနိဘုရား ဖူးမြော်ကြည်ညို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရခိုင်ပြည်နယ် ကျောက်တော်မြို့ မဟာမုနိဘုရားအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင် ကျောက်တော်မြို့ မဟာမုနိဘုရားဖူးမြော်ကြည်ညို ဂန္ဓကုဋိတိုက် ဘက်စုံမွမ်းမံပြုပြင်ထားမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် ဧပြီ၁၄ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ကျောက်တော်မြို့သို့ ရောက်ရှိကြပြီး မဟာမုနိဘုရားအား ဖူးမြော်ကြည်ညိုကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များနှင့်အတူ နံနက် ၁၁ နာရီတွင် ကျောက်တော်မြို့ မဟာမုနိဘုရားသို့ရောက်ရှိကြရာ ကျောက်တော်မြို့နယ်မှ ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဒေသခံများက ကြိုဆိုကြသည်။

ဖူးမြော်ကြည်ညို

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် မဟာမုနိဘုရားအား ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မဟာမုနိဘုရားအား ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မဟာမုနိဘုရား ဂန္ဓကုဋိတိုက် ဘက်စုံမွမ်းမံ ပြုပြင်ထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဦးတော်ဆေးကန်၌ ငါးများကိုလွှတ်၍ ဒါနပြုကြသည်။

(သတင်းစဉ်)

စာမျက်နှာ ၄ မှ

ဖွံ့ဖြိုးတိုးတက်ရေးကို ဖိဖိစီးစီး ဆုံးဖြတ်လုပ်ကိုင်နိုင်အောင် ခရိုင်အဆင့်အဖြစ် အခွင့်အာဏာကို ပိုမိုတိုးမြှင့်အပ်နှင်းထားခြင်းလည်း ဖြစ်ကြောင်း။

ကွင်းဆင်းဆောင်ရွက်

ထို့ကြောင့် ဒေသတာဝန်ခံများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံများအနေဖြင့် လျော့ရိလျော့ရဲမနေထိုင်ဘဲ မိမိတို့၏ နယ်မြေဒေသကို နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ ဖွံ့ဖြိုးတိုးတက်ခိုင်မာနေအောင် ဖိဖိစီးစီးကြိုးကြိုးစားစား အလုပ်လုပ်ကြရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးရေးကို ဖော်ဆောင်ရာ၌လည်း မိမိဒေသအတွင်းရှိ ကျေးလက်ဒေသများပါ တစ်ပါတည်း ဖွံ့ဖြိုးလာအောင် ထိထိရောက်ရောက် ကွင်းဆင်းဆောင်ရွက်ကြရန်လိုကြောင်း။

မောင်တောဒေသ အပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ဆက်စပ်ပြီး အပြန်အလှန် ကူးလူးဆက်ဆံနေသော မူဆယ်၊ တာချီလိတ်၊ မြဝတီ၊ တမူး စသည့် နယ်စပ်ဒေသများအနက် မောင်တောဒေသသည် အခြားနယ်စပ် ဒေသများနှင့်အတူ ယှဉ်တွဲ၍ အရှိန်အဟုန်ရှိရှိ ဖွံ့ဖြိုးနေအောင် ကြိုးစားကြရမှာဖြစ်ကြောင်း။

ယင်းသို့ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အလုပ်လုပ်နိုင်အောင် လိုအပ်သော အုပ်ချုပ်ရေးအခြေခံနှင့် လမ်းပန်းဆက်သွယ်မှု အခြေခံတို့ကို တိုးတက်ကောင်းမွန်အောင် စီမံဆောင်ရွက်ပေးနေသည့်အပြင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်များ ချမှတ်၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အချိတ်အဆက်ရှိရှိ လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထိထိရောက်ရောက်အသုံးချ

ထို့ကြောင့်နိုင်ငံတော်၏ စီမံပေးမှုများနှင့် ဖန်တီးပေးထားသော အခြေခံများကို ထိထိရောက်ရောက်အသုံးချ၍ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားအလုပ်လုပ်ကြရန် အရေးကြီးကြောင်း။

အလုပ်လုပ်ရာ၌လည်း အထူးသဖြင့် မောင်တောကဲ့သို့ နယ်စပ်ဒေသ၌ နိုင်ငံတော်က သတ်မှတ်ပေးထားသည့် စည်းမျဉ်းစည်းကမ်းဘောင်အတွင်းမှ စနစ်တကျ အလုပ်လုပ်သွားကြရန်လိုကြောင်း မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာများနှင့် တွေ့ဆုံအပြီးတွင် မောင်တောမြို့ မြို့မပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ မဟာကျန် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြရာ မြို့မပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေတုက မဟာကျန် ဗုဒ္ဓရုပ်ပွားတော်မြတ် သမိုင်းအကျဉ်းကို ရှင်းလင်းမြွက်ကြားသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် မဟာကျန်ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မဟာကျန်ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဆရာတော်ဘဒ္ဒန္တကေတုနှင့် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ် ဝါးခုတ်ချောင်းတပ်နယ်သို့ ရောက်ရှိပြီး တပ်နယ်၏ သောင်းလုံးအောင်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်နှင့် မိသားစုများအား တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက တပ်တည်ဆောက်ရေးကိစ္စများကို ရှင်းလင်း ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို လမ်းညွှန်ပြီး အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များနှင့် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည်မွန်းလွဲပိုင်းတွင် ဘူးသီးတောင်မြို့သို့ ရောက်ရှိကြပြီး ဘူးသီးတောင်မြို့ဖွံ့ဖြိုးတိုးတက်လာမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဘူးသီးတောင်တပ်နယ် ဗန္ဓုလခန်းမ၌ ဘူးသီးတောင်တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များနှင့် မိသားစုများအား တွေ့ဆုံရာ ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းက နယ်စပ်ဒေသများ အပါအဝင် နိုင်ငံတော်၏ ဒေသအသီးသီး ဘက်စုံထောင့်စုံက မျှမျှတတဖွံ့ဖြိုးတိုးတက် လာနေမှုများ၊ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများတွင် တပ်မတော်က ထက်ထက်မြက်မြက် ပူးပေါင်းပါဝင် အကောင်အထည်ဖော်နေမှု၊ တပ်တွင်း/တပ်ပြင် စည်းရုံးမှုတို့ကို လက်တွေ့ကျကျ အောင်မြင်အောင် ဆောင်ရွက်ရန်အရေးကြီးပုံ၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို မနာလိုမရှုဆိတ်သည့် ပြည်တွင်း ပြည်ပမြေအောက်အဖွဲ့အစည်းအများက ညှိနှိုင်းချိတ်ဆက်ပြီး အမျိုးမျိုးဟန့်တားနှောင့်ယှက်ဖျက်ဆီးနေမှုများကို ပြုလုပ်လျက်ရှိနေပုံတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များနှင့် မိသားစုများအား ရင်းရင်းနှီးနှီးမှာကြားနှုတ်ဆက်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ရသေ့တောင်မြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ကျင့်ကြံနေထိုင်

ယင်းနောက် ဒေသခံတပ်ရင်းခန်းမသို့ သွားရောက်၍ ရသေ့တောင်တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များနှင့် မိသားစုများအားတွေ့ဆုံရာ ရှေးဦးစွာ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက တပ်မတော်သားများအနေဖြင့် စစ်သည်တော်ကျင့်ဝတ်များကို တိတိကျကျ လိုက်နာစောင့်ထိန်းသွားရေး၊ ပြည်သူများနှင့်အတူ တစ်သားတည်း ကျင့်ကြံနေထိုင်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်၏ အရေးအရာများနှင့် တပ်မတော်ဆက်စပ်လျက်ရှိသည့် အခြေအနေများ၊ စွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော်ဖြစ်အောင် တည်ဆောက်သွားရန် လိုအပ်ပုံများကို ရှင်းလင်းမှာကြားပြီး အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များနှင့် မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ဖွံ့ဖြိုးတိုးတက်မှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ရသေ့တောင်မြို့ ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာများ၊ ဒေသခံ ပြည်သူများအား နှုတ်ဆက်၍ ရဟတ်ယာဉ်များဖြင့် စစ်တွေမြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၉-၄-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇း၁၅ ၄။ မျိုးချစ်တပ်မတော်
၇း၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၄း၁၅ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၀ ၅။ လက်စွမ်းပြဟန်ဂီတသံ
၄း၃၀ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၀ ၇။ မျိုးချစ်တပ်မတော်
၄း၅၀ ၈။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၀၀ ၉။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၂၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသ သတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြက်ခင်းစိမ်းနဲ့ အိမ်ကလေး"** (အပိုင်း-၁၇)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ English Usage
၂၁။ ဗီစီဒီကျော်ကြားတေးများ
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တရားစီရင်ထုံး"** (အပိုင်း-၂၅)

ဧရာဝတီတိုင်းသည် ရေမြေရာသီဥတု သဘာဝအရင်းအမြစ် အခြေခံကောင်းများရှိ မြစ်ချောင်းအင်းအိုင်ပေါများ၍ နိုင်ငံတော်က တံတားကြီးငယ်များစွာ တည်ဆောက်ပေးနေ

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာမည်

ရန်ကုန် ဧပြီ ၁၈

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဧပြီ ၁၆ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ နံနက် ၇ နာရီ ၁၀ မိနစ်တွင် ရန်ကုန်တိုင်း တွံတေးမြို့နယ် ဘုရားငုတ္တိုရွာအနီးရှိ တွံတေးတံတားသို့ ရောက်ရှိကြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရန်ကုန်တိုင်း အင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်နိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် တွံတေးတံတား တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်နိုင်တို့က ရှင်းလင်းပြသကြသည်။

ယင်းနောက် ရှင်းလင်းဆောင်တွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်အား အင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်က ချဉ်းကပ်လမ်းနှင့် တံတားတည်ဆောက်ပြီးစီးမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်နိုင်က တွံတေးတံတား တည်ဆောက်ပြီးစီးမှု၊ တံတားလူသွားလမ်းနှင့် ဘေးလက်ရန်းများပြီးစီးမှု၊ တံတားကွန်ကရစ်ကြမ်းခင်းပြီးစီးမှု၊ ကွန်ကရစ်ပေါ်တွင် နိုင်လွန်ကတ္တရာခင်းနေမှုများနှင့် လျာထားချိန်အတွင်း ပြီးစီးရေး ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းအထူးအဖွဲ့(၁၆)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးရဲထွန်းက တံတားချဉ်းကပ်လမ်းများတွင် ကျောက်ခင်းပြီးစီးမှု တံတားပြီးစီးချိန်တွင် လမ်း၌ ပထမလွှာကျောက်ခင်းပြီးစီးရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က တွံတေးတံတားအား လျာထားသည့်အချိန်အတွင်း ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် တံတားနှင့်အတူ လှိုင်သာယာဘက်မှလမ်းနှင့် တွံတေးဘက်မှ လမ်းများပါ ပြီးစီးအောင် ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တွံတေးတံတား လှိုင်သာယာဘက်ကမ်းမှ တွံတေးဘက်ကမ်းသို့ တံတားပေါ်မှဖြတ်သန်းပြီး တံတားပေါ်၌ စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာခင်းနေမှု၊ ကြမ်းခင်းကွန်ကရစ်လောင်းရန် စီစဉ်နေမှု စသည့် တံတား တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာပြီး တွံတေး–ကော့မှူး – ကွမ်းခြံကုန်း – ဒေးဒရဲ ကားလမ်းကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှ ဧရာဝတီတိုင်း ဒေးဒရဲ မြို့နယ် ဒေးဒရဲတံတားထိပ်သို့ နံနက် ၈နာရီ မိနစ်၅၀တွင် ရောက်ရှိကြရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့အား ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရ မြင့်အောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

အလုပ်ကြိုးစားလုပ်ကိုင်

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့သည် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင် လိုက်ပါလျက် ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဌာနဆိုင်ရာ တာဝန်ရှိသူများအား အလုပ်ကြိုးစား လုပ်ကိုင်ကြရေးနှင့် လိုအပ်သည်များကို မှာကြားသည်။

ဒေးဒရဲဘက်ကမ်း

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ဒေးဒရဲ–ဖျာပုံကားလမ်း တစ်လျှောက် မော်တော်ယာဉ်များဖြင့် ဆက်လက်ကြည့်ရှုစစ်ဆေးပြီး ဖျာပုံတံတား ဒေးဒရဲဘက်ကမ်းရှိ ရှင်းလင်းဆောင်သို့ နံနက်၁၀နာရီတွင် ရောက်ရှိကြသည်။

ရှင်းလင်းဆောင်၌ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့(၇)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဆယ်က ဖျာပုံတံတား တည်နေရာနှင့် စီမံကိန်းဆိုင်ရာ အဓိကအချက်များ၊ တံတားချဉ်းကပ်လမ်းများဆောက်လုပ်မှု၊ ပင်မတံတား ပြီးစီးမှု၊ မိုးတွင်းကာလတွင် အခက်အခဲများကြားမှ လုပ်ငန်းများ အချိန်မီပြီးစီးရေး ဆောင်ရွက်နိုင်မှု၊ သံချောင်း သံပေါင်၊ ဘိလပ်မြေ၊ စက်မောင်းဆီ ရရှိမှု စသည်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကြိုးပမ်းလုပ်ကိုင်

ရှင်းလင်းတင်ပြသည်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဧရာဝတီတိုင်းသည် ရေမြေရာသီဥတု သဘာဝအရင်းအမြစ် အခြေခံကောင်းများရှိပြီးဖြစ်၍ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ကောင်းမွန်လာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာမည်ဖြစ်သဖြင့် လမ်းတံတားများကို နိုင်ငံတော်က ငွေကြေးအမြောက်အမြား အကုန်အကျခံ တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း၊ မြစ်ချောင်းအင်းအိုင်ပေါများသော ဒေသဖြစ်၍ လိုအပ်ချက်နှင့်အညီ တံတားကြီးငယ်ပေါင်းများစွာကို တည်ဆောက်ပေးနေရကြောင်း၊ တံတားတည်ဆောက်ရာတွင် ခိုင်ခံ့သပ်ရပ်ရေးအတွက် ယူသင့်သည့်အချိန်ကို ယူရမည်ဖြစ်သော်လည်း လိုအပ်သည်ထက် အချိန်ပိုကြာမြင့်ပါက ငွေကြေးကုန်ကျစရိတ် ပိုမိုလာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ကုန်ကျစရိတ်သက်သာပြီး ပြည်သူများ မြန်မြန်အသုံးပြုနိုင်၍ အကျိုးခံစားစေရအောင် ကြိုးပမ်းလုပ်ကိုင်ကြရန် မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ဖျာပုံခရိုင် အင်ဂျင်နီယာမှူး ဦးစိုးမြင့်က ဒေးဒရဲ–ဖျာပုံလမ်းပြုပြင်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဒေးဒရဲမြို့မှ ဖျာပုံတံတား

တွံတေးတံတား တည်ဆောက်ပြီးစီးမှု

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တွံတေးတံတား တည်ဆောက်ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အကြား ၁၆မိုင်ခန့်ကို ကောင်းမွန်အောင် ပြုပြင်ရေးမှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဖျာပုံမြစ်ကို ရေယာဉ်ဖြင့် ဖြတ်သန်း၍ ဖျာပုံတံတားအောက်ခြေ တည်ဆောက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ ဖျာပုံတံတားပေါ်သို့ တက်ရောက်၍ တံတားပြီးစီးမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဖျာပုံမြို့ ဘက်ကမ်းရှိ ဖျာပုံတံတား ချဉ်းကပ်လမ်း တိုင်အမှတ် (C,14) အား စက်ယန္တရားများဖြင့် ကွန်ကရစ်လောင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဖျာပုံတံတားမှာ အပေါ်ထည် သံမဏိသံပေါင်နှင့် သံမဏိရက်မ၊ အောက်ခြေသံကူကွန်ကရစ်တိုင်၊ ပိုင်အုတ်မြစ်တို့ဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး၊ ပင်မတံတားအရှည် ၁၃၇၂ ပေ၊ ဖျာပုံဘက်ကမ်း ချဉ်းကပ်တံတား အရှည် ပေ၁၃၃၀၊ ဒေးဒရဲဘက်ကမ်း ချဉ်းကပ်တံတား အရှည်ပေ ၁၂၃၀၊ စုစုပေါင်း ၃၉၃၂ ပေ ရှည်လျားသည်။ တံတားအကျယ် ယာဉ်သွားလမ်း ၂၈ ပေ၊ လူသွားလမ်းတစ်ဖက် ၆ပေစီ၊ စုစုပေါင်းပေ ၄၀ကျယ်ပြီး တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေ အကျယ် ၂၆၅ပေ၊ အမြင့် ၃၆ ပေ ဖြစ်သည်။ ခွင့်ပြုအလေးချိန်မှာ ၃၆ တန်၊ နှစ်လမ်းမောင်း ယာဉ်တစ်စီး ခွင့်ပြုတန်ချိန်၆၀ ဖြစ်ကြောင်းနှင့် ယခုအခါ လုပ်ငန်းအားလုံး၏ ၇၅ ရာခိုင်နှုန်းမျှ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များသည် ဖျာပုံမြို့ ဖွံ့ဖြိုးစည်ပင်တိုးတက်မှုနှင့် လမ်းသစ်သာယာမှုများကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာလာကြရာ ကျိုက်လတ်မြို့ ရွှေရတု (ပြည်ထောင်စု)ညော့်ရိပ်သာသို့ မွန်းလွဲ ၁၂နာရီ ၄၅မိနစ်တွင် ရောက်ရှိကြပြီး ညော့်ရိပ်သာခန်းမ၌ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဖျာပုံ–ကျိုက်လတ် လမ်းအား အပြည့်အဝ ကတ္တရာလမ်းဖြစ်အောင် ခင်းကျင်းရန် တာဝန်ရှိသူများအား မှာကြားသည်။

မအူပင်

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ကျိုက်လတ်–မအူပင် လမ်းကို မော်တော်ယာဉ်များဖြင့် ဆက်လက်ကြည့်ရှုစစ်ဆေးကြပြီး မွန်းလွဲ ၁ နာရီ ၅၅မိနစ်တွင် မအူပင်မြို့သို့ ရောက်ရှိကြသည်။

လေ့ကျင့်ပျိုးထောင်

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မအူပင်ခရိုင် ညော့်ရိပ်သာ၌ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ မှာကြားရာ၌ မအူပင်ခရိုင်နေ ပြည်သူများ ကျန်းမာရေး၊ ပညာရေး အခြေအနေကောင်းများ ဖြစ်ထွန်းရေးအတွက် နိုင်ငံတော်က ဆေးရုံများ၊ ကျောင်းများ၊ တက္ကသိုလ်များကို တိုးချဲ့တည်ဆောက် ဖွင့်လှစ်ထားပြီးဖြစ်သည်နှင့်အညီ တာဝန်ရှိ ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများကလည်း ကြိုးကြိုးစားစား ပြည်သူနှင့်ဒေသကို အကျိုးပြုကြဖို့လိုကြောင်း၊ မအူပင်ခရိုင် အနေဖြင့် သဘာဝသယံဇာတများ ရှိပြီးဖြစ်ရာ လူ၏လုပ်အား၊ အတတ်ပညာ၊ ကျွမ်းကျင်မှုတို့ဖြင့် ပေါင်းစပ်လိုက်ပါက အလျင်အမြန် ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အရည်အချင်းရှိသည့် လူသားအရင်းအမြစ်များ ဖြစ်ထွန်းအောင် ပညာရေးကဏ္ဍသည် အထူးအရေးကြီးကြောင်း၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံထူထောင်ရေးမှာလည်း ပြည်သူများ အသိဉာဏ်ပညာရှိနေရေးနှင့် နိုင်ငံ၏စီးပွားရေး တောင့်တင်းရေး လိုအပ်ကြောင်း၊ မိမိတို့ ဝန်ထမ်းများ လစာတိုးပေးခြင်းမှာ နိုင်ငံတော်၏ ဂျီဒီပီ တိုးတက်လာပြီး လူတစ်ဦးကျဝင်ငွေ တိုးတက်လာ၍ ပေးခြင်းဖြစ်ကြောင်း၊ လစာတိုးပေးလိုက်၍ ကုန်ဈေးနှုန်းများ မတက်အောင် ဝန်ထမ်းအိမ်ထောင်စုတိုင်း မိမိတို့ နေအိမ်ဝင်းခြံအတွင်း စားပင်သီးပင်များ စိုက်ပျိုးကြရန်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ပါက ဧရာဝတီတိုင်းသည်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် ပိုမိုလျင်မြန်မည်ဖြစ်၍ မိမိတို့ လာရောက်ကြည့်ရှုစစ်ဆေး တွန်းအားပေးခြင်းဖြစ်ကြောင်း၊ မအူပင်ခရိုင် တာဝန်ရှိသူများ၊ ဝန်ထမ်းများ အနေဖြင့် မိမိတို့ကိုယ်တိုင်နှင့် ဒေသနေပြည်သူများ အရည်အချင်းရှိသည့် လူ့အရင်းအမြစ်များဖြစ်အောင်၊ စိတ်ဓာတ် ကောင်းမွန်အောင် လေ့ကျင့်ပျိုးထောင်ပြီး နိုင်ငံ့အကျိုး သယ်ပိုးထမ်းရွက်ကြရေး ဆွေးနွေးမှာကြားသည်။

ဖွံ့ဖြိုးတိုးတက်မှု

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မအူပင်မြို့မှ မော်တော်ယာဉ်ဖြင့် မအူပင်–ညောင်တုန်း–ရန်ကုန်လမ်းအတိုင်း လမ်းပန်းဆက်သွယ်မှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရင်း ထွက်ခွာလာရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အမ်းမြို့ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမ်းတောင်ခန်းမ၌ အမ်း တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုများအား လမ်းညွှန် မှာကြားစဉ်။

(သတင်းစဉ်)

အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကိုတည်ဆောက်ပေးနေ စီမံကိန်းများစနစ်တကျချမှတ်ပြီးဆောင်ရွက်မှုကြောင့် နိုင်ငံတော်ကြီးဘက်စုံထောင့်စုံဖွံ့ဖြိုး ရည်မှန်းချက်ပန်းတိုင်ရောက်ရှိရေး နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် လက်တွဲညီညီဆက်လက်ကြိုးပမ်း

ရန်ကုန် ဧပြီ ၁၈

ရခိုင်ပြည်နယ် စစ်တွေမြို့၌ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များနှင့်အတူ ဧပြီ ၁၄ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရဟတ်ယာဉ်များဖြင့် စစ်တွေမြို့မှ ကျောက်တော်မြို့သို့ ရောက်ရှိရာ ကျောက်တော်တပ်နယ်မှ ဗိုလ်မှူးကြီးရာပြည့်နှင့် တပ်မတော်အရာရှိများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် နယ်မြေခံ တပ်ရင်းသို့ သွားရောက်၍ နဝရတ်ခန်းမ၌ ကျောက်တော်တပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊အရာခံ၊အကြပ်၊စစ်သည်နှင့်မိသားစုများအား တွေ့ဆုံသည်။

ကြိုးပမ်းဆောင်ရွက်

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ခေါင်းဆောင်သည့် မိမိတို့အဖွဲ့ ရခိုင်ပြည်နယ်အတွင်း လှည့်လည် သွားရောက်လျက်ရှိသည့် ခရီးစဉ်၏ ရည်ရွယ်ချက်များ၊ အမျိုးသားရေးမူဝါဒ များကို ဦးထိပ်ပန်ဆင်၍ ဦးတည်ချက်(၁၂)ရပ်နှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကို တည်ဆောက်နေမှုများ၊ စီမံကိန်း များကို စနစ်တကျချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများကြောင့် နိုင်ငံတော်ကြီးတစ်ရပ်လုံး ဘက်စုံထောင့်စုံက ဖွံ့ဖြိုးတိုးတက်နေမှုများ၊ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိစေရေးအတွက် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် လက်တွဲညီညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပုံများကို ရှင်းလင်းပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တပ်မတော် သားကောင်းများဖြစ်အောင်၊ တပ်ကောင်းများဖြစ်အောင် တည်ဆောက်သွား ကြရန် မိန့်ကြားပြီး အရာရှိ၊ စစ်သည်နှင့် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ် များဖြင့် အမ်းမြို့သို့ရောက်ရှိကြရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်တင်လှိုင်နှင့် တပ်မတော်အရာရှိများ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧပြီ၁၅ ရက် နံနက် ၉နာရီ တွင် အမ်းမြို့ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမ်းတောင်ခန်းမ၌ အမ်း တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် များနှင့် မိသားစုများအား တွေ့ဆုံသည်။

ရှင်းလင်းပြောကြား

ယင်းသို့ တွေ့ဆုံရာတွင် ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက တပ်တည်ဆောက်ရေးကိစ္စ များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တပ်တွင်း၊ တပ်ပြင် စည်းရုံးရေး ကိစ္စများကို လမ်းညွှန်မိန့်ကြားပြီး အရာရှိ၊အရာခံ၊အကြပ်၊ စစ်သည်နှင့် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

တွေ့ဆုံပွဲအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် အမ်း မြို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ကြိုဆိုနှုတ်ဆက်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် လေယာဉ်ဖြင့် အမ်းမြို့မှ သံတွဲမြို့သို့ ရောက်ရှိကြရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းဦးစီး ဗိုလ်မှူးကြီး ဗိုလ်မှူးကြီး မြင့်ဆွေနှင့် တပ်မတော်အရာရှိများ၊ ဌာနဆိုင်ရာများက သံတွဲလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းနှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ဧပြီ ၁၄ ရက် ညပိုင်းတွင် အမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံး၌ မြို့နယ်အသင်းအတွင်းရေးမှူး၊ အလုပ်အမှုဆောင်များနှင့် စည်းရုံးရေးမှူး များအား တွေ့ဆုံမှာကြား၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးကြသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၁၈

၂၀၀၆ခုနှစ် ဧပြီ ၁၇ ရက်တွင် ကျရောက်သော ဆီးရီးယားအာရပ် သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံ ခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဆီးရီးယားအာရပ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖာရှော့(ခ်)အယ်(လ်)ရှာရားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဧပြီ ၁၆ ရက်က ဧရာဝတီတိုင်း ဖျာပုံတံတား တည်ဆောက်ပြီးစီးမှု အခြေအနေကို တွေ့ရစဉ် ။ (သတင်း စာ-၆) **(သတင်းစဉ်)**

အစိုးရ၊ တပ်မတော်နှင့်ပြည်သူ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်မှုကြောင့် နယ်မြေဒေသအသီးသီး၌ ဖွံ့ဖြိုးတိုးတက်မှုများ အုံနှင့်ကျင်းနှင့် စုပွဲ့ဖြစ်ပေါ်လာ မိမိပြည်နယ် ဖွံ့ဖြိုးရေး၊ စီးပွားရေးတောင့်တင်းခိုင်မာရေး ဖိဖိစီးစီးအလုပ်လုပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရန်ကုန်-ကျောက်ဖြူလမ်းမကြီးလမ်းဖွင့်ပွဲ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

✡ **ရှေ့ဖုံးမှ**

အဆိုပါ ဖွင့်ပွဲအခမ်းအနားများသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ်မှ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောက်ဖြူခရိုင်နှင့် ကျောက်ဖြူ၊ ရမ်းဗြဲ၊ တောင်ကုတ်မြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းဖွား အကအဖွဲ့များ၊ ရခိုင်ရိုးရာ အကအဖွဲ့များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရမ်းဗြဲမြို့နယ်ရှိ မင်းကြောင်းချောင်းတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ဖွင့်ပွဲအခမ်းအနား အစီအစဉ်များကို ဧပြီ ၁၇ ရက် နံနက် ၇နာရီခွဲတွင် စတင်ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကားပြောကြားရာ၌ မင်္ဂလာ

ရန်ကုန်-ကျောက်ဖြူလမ်း(မအီ-မင်းကြောင်း-ကျောက်ဖြူ) အပိုင်းကို တွေ့စဉ်။ (သတင်းစဉ်)



ရှိသည့် မြန်မာနှစ်သစ်ကူး နှစ်ဆန်းတစ်ရက်နေ့တွင် ရခိုင်ပြည်နယ်အတွက် အရေးပါလှသည့် ရန်ကုန်-ကျောက်ဖြူကားလမ်းမကြီး ဖွင့်ပွဲ အခမ်းအနားကို လမ်းမကြီး၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် မင်းကြောင်းချောင်းတံတား ဖွင့်ပွဲနှင့်အတူ ခမ်းခမ်းနားနား၊ စည်စည်ကားကား ကျင်းပပြုလုပ်နိုင်သည့်အတွက် နှစ်သစ်နှစ်ဦးတွင် ပို၍ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံလှပါကြောင်း၊ နိုင်ငံတော် အတွက်ရော၊ ရခိုင်ပြည်နယ်အတွက်ပါ ဝမ်းသာဂုဏ်ယူရမည့် အခမ်းအနားဖြစ်ပါကြောင်းကို ရှေးဦးစွာ ပြောကြားလိုကြောင်း။

ဤကဲ့သို့ မင်္ဂလာရှိသည့် အခမ်းအနားကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် ကြွရောက်ချီးမြှင့်အားပေးလျက်ရှိသည့်အတွက် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပိုမိုပြည့်စုံသွားသည့်အပြင် ရန်ကုန်-ကျောက်ဖြူလမ်းမကြီးစီမံကိန်းအပေါ် နိုင်ငံတော်၏ အလေးထားမှုနှင့် တန်ဖိုးထားမှုများကိုလည်း ပေါ်လွင်စေလျက်ရှိကြောင်း။

ခက်ခက်ခဲခဲဖောက်လုပ်ခဲ့ရ

ရန်ကုန်-ကျောက်ဖြူကားလမ်း၏ တောင်ကုတ်-ကျောက်ဖြူလမ်းအပိုင်းသည် မိုင်၁၂၀ ခန့်ရှိပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာများ၊ တပ်မတော်သားများနှင့် ရခိုင်ပြည်နယ်သားတို့ ကြိုးစားပမ်းစား လေးနှစ်ကျော်ခန့် အားထုတ်ဖောက်လုပ်ခဲ့ရခြင်းဖြစ်ကြောင်း၊ တံတားတည်ဆောက်ရေးအဖွဲ့များက တံတားများကို ခဲရာခဲဆစ် ကြိုးစားပမ်းစားတည်ဆောက်ခဲ့ရသကဲ့သို့ လမ်းဖောက်လုပ်ရေးအဖွဲ့များကလည်း နယ်မြေဒေသအပိုင်းအလိုက် ခက်ခက်ခဲခဲ တာဝန်ယူ ဖောက်လုပ်ခဲ့ရခြင်းဖြစ်ကြောင်း။

လမ်းဖောက်လုပ်ရာ၌ မအီ-စနဲလမ်းအပိုင်းသည် မိုင်၄၀ခန့်ရှိပြီး ဒီရေတော၊ ဗြူးတော၊ ရွှံ့နွံတော စသည့် အမာခံမရှိသောအပိုင်းက မိုင်၂၀ ကျော်ခန့်ပါဝင်နေသည့်အတွက် အောက်ခြေအမာခံရရန် နည်းလမ်းစုံရှာပြီး တီထွင်ကြံဆ လုပ်ကိုင်ခဲ့ရခြင်းဖြစ်ကြောင်း၊ သာမန် လမ်းဖောက်နည်းအတိုင်း ဖောက်လုပ်၍မရဘဲ အဆင့်မြင့်နည်းပညာနှင့် ခေတ်မီလမ်းခင်းပစ္စည်းများကို အသုံးပြုရသည့် မြေအားဖြည့် လမ်းခင်းနည်းအတိုင်း လုပ်ကိုင်ဆောင်ရွက်ခဲ့ရသည့် လမ်းဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်သည့် မင်းကြောင်းချောင်းတံတားသည် ပေ၂၇၀၀ ကျော်သည့် တံတားကြီးဖြစ်ပြီး တောင်ကုတ်နှင့်ကျောက်ဖြူအကြားတွင် တည်ဆောက်ပြီးစီးခဲ့သည့် မြစ်ကူးချောင်းကူးတံတားကြီး ၁၃ စင်းအနက် အရှည်ဆုံးတံတားဖြစ်ကြောင်း၊ ယခု မင်းကြောင်းချောင်းတံတား အပါအဝင် မအီတံတား၊

မိမိတို့နိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်လာမည်

ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်ဆိုသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကိုအရင်းခံပြီး နိုင်ငံတော်အစိုးရရော၊ ပြည်သူများကပါ ကြိုးကြိုးစားစား အလုပ်လုပ်ကြမည်ဆိုပါက မိမိတို့နိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်လာမှာသေချာ။

ကျောက်ကြီးပေါက်တံတား၊ စနဲပေါက်တံတား၊ ဒီးဒုတ်ပေါက်တံတား စသည်ဖြင့် တံတားကြီး ၁၃ စင်းအတွက်ကိုပင် နိုင်ငံတော်က နိုင်ငံခြားငွေကြေးအပြင် ကျပ်ငွေသန်းထောင်ချီ သုံးစွဲခဲ့ရခြင်းဖြစ်ကြောင်း။

မွန်မြတ်သောစေတနာ

ဤကဲ့သို့ နိုင်ငံတော်၏ဘဏ္ဍာငွေကို မြောက်မြားစွာအကုန်အကျခံပြီး ရန်ကုန်–စစ်တွေ ပြည်ထောင်စုလမ်းမကြီးနှင့် ယခု ရန်ကုန်–ကျောက်ဖြူ ပြည်ထောင်စုလမ်းမကြီးတို့ကို ဖောက်လုပ်ပြီး ကုန်းလမ်းကြောင်းများ ပွင့်အောင် ဆောင်ရွက်ပေးနေခြင်းသည် ရခိုင်ပြည်နယ်သူ၊ ပြည်နယ်သားများ သွားရေးလာရေးလွယ်ကူပြီး စီးပွားကုန်သွယ်မှု လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ကြရန်၊ စီးပွားရေးအခွင့်အလမ်းသစ်များ ပေါ်ထွက်လာပြီးဝင်ငွေတိုးလာစေရန်၊ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုရေးဆိုင်ရာအခြေအနေများမြင့်မားလာစေရန် ဆိုသည့် မွန်မြတ်သော စေတနာများကြောင့် ဖြစ်ကြောင်း။

ရခိုင်ပြည်နယ်အတွက် ဖောက်လုပ်ပေးခဲ့သည့် ရန်ကုန်–စစ်တွေကားလမ်းကိုပင်ကြည့်ကြည့်၊ ယခု ရန်ကုန်–ကျောက်ဖြူကားလမ်းကိုပင် ကြည့်ကြည့် ဤလမ်းများသည် သာမန်စေတနာမျိုး၊ သာမန် အားထုတ်မှုမျိုးဖြင့် လုပ်ကိုင်တည်ဆောက်၍မဖြစ်နိုင်သည့်လမ်းများဖြစ်ကြောင်း သိသာထင်ရှားလှကြောင်း၊ စစ်တွေမှရန်ကုန်၊ကျောက်ဖြူ၊ရမ်းဗြဲမှရန်ကုန်ကို ဤကဲ့သို့ လမ်းများ၊ ဤကဲ့သို့ တံတားများတည်ဆောက်ပြီး မော်တော်ကားဖြင့် သွားရန်၊ လာရန်ဆိုသည်မှာ စိတ်ကူးယဉ် အိပ်မက်အဆင့်၌ပင် ခေတ်အဆက်ဆက် ထားခဲ့ရခြင်းဖြစ်ကြောင်း။

ရေကြောမြေကြောဆက်ပေးနိုင်

ယခုဆိုလျှင် နိုင်ငံတော်အကြီးအကဲ၏စေတနာနှင့် အမြော်အမြင်ကြီးမားမှုများကြောင့် ရန်ကုန်–စစ်တွေကားလမ်းအပြင် ကျောက်ဖြူ–မအီ–တောင်ကုတ်ကားလမ်းသည် ပေါ်ထွက်လာသည့်အတွက် ရေခြားမြေခြားနေသော ကျောက်ဖြူ၊ ရမ်းဗြဲဒေသမှ ပြည်သူများသည် ရန်ကုန်မြို့တော်ကိုရော၊ နေပြည်တော်မြို့တော်

လမ်းတံတားများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ထိထိရောက်ရောက် အကျိုးရှိရှိအသုံးချ

အပါအဝင် နိုင်ငံအနှံ့ကိုပါ လွယ်ကူချောမောစွာ ကုန်းလမ်းခရီးဖြင့် သွားလာနိုင်ပြီဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ဖွင့်လှစ်လိုက်သည့် ရန်ကုန်–ကျောက်ဖြူ လမ်းမကြီးသည် တောင်ကုတ် တောင်ကြားလမ်းမှတစ်ဆင့် ပဲခူးတိုင်း၊မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းများကိုရော၊ ဂွ–ငသိုင်းချောင်းထွက်ပေါက်မှတစ်ဆင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့ကိုပါ တစ်ဆက်တစ်စပ်တည်း ရေကြော

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ခရီးသည်တင်မော်တော်ယာဉ်များ ဂါရဝပြုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

မြေကြော ဆက်ပေးနိုင်သည့်အတွက် နေပြည်တော်–မကွေး–ကျောက်ဖြူလမ်း၊ တောင်ငူ–ပြည်–ကျောက်ဖြူလမ်း၊ ပုသိမ်–ကျောက်ဖြူလမ်း စသည်ဖြင့် ဒေသအားလုံးနှင့် ဆက်စပ်အကျုံးဝင်သော ပြည်ထောင်စုလမ်းမကြီးအဖြစ် တည်ရှိသွားပြီ ဖြစ်ကြောင်း။

ဘိုးစဉ်ဘောင်ဆက် ခေတ်အဆက်ဆက် ရေလမ်းကိုအားကိုးနေခဲ့ကြရသည့် ကျောက်ဖြူမြို့၊ ရမ်းဗြဲမြို့နှင့် ကျွန်းပေါ်ရှိရွာပေါင်း၄၈၀၌ နေထိုင်ကြသည့် ပြည်သူ သုံးသိန်းကျော်တို့အတွက် ကုန်းလမ်းထွက်ပေါက်ကြီး ခိုင်ခိုင်မာမာ ရရှိသွားပြီလည်း ဖြစ်ကြောင်း။

ဝင့်ဝင့်ကြွားကြွား ပေါ်ထွက်လာပြီ

ထို့အပြင် ၄၅မိုင်ခန့်ရှိသည့် မအီ–အမ်းကားလမ်းကိုလည်း တစ်ပါတည်း ဆက်စပ်ဖောက်လုပ်ပြီးဖြစ်သည့်အတွက် အမ်း–မအီ–တောင်ကုတ်လမ်း၊ အမ်း– မအီ–ကျောက်ဖြူလမ်းတို့မှတစ်ဆင့် ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းသည်လည်း လွယ်လွယ်ကူကူ ဆက်စပ်သွားလာနိုင်ပြီဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ပြောရမည်ဆိုလျှင် ပြည်နယ်၏ တောင်ပိုင်းနှင့်မြောက်ပိုင်း ဆက်သွယ် ပေါင်းစည်းပေးသည့် ရခိုင်ကမ်းရိုးတန်းလမ်းမကြီးသည်လည်း ဝင့်ဝင့်ကြွားကြွား ပေါ်ထွက်လာပြီဟု ဆိုရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ယနေ့လမ်းဖွင့်ပွဲသည် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် ပြည်ထောင်စုလမ်းမကြီးဖွင့်ပွဲသာမက ရခိုင်ကမ်းရိုးတန်းလမ်းမကြီးဖွင့်ပွဲ၊ ထို့ပြင်ပြည်ထောင်စုတစ်ခုလုံး၏ ပြည်နယ်နှင့်တိုင်းပတ်လမ်းမကြီးဖွင့်ပွဲလည်း ဖြစ်ကြောင်းကို ဖော်ထုတ်ပြောကြားလိုကြောင်း။

အဆက်အစပ်ရှိရှိ

ရခိုင်ရိုးမတောင်တန်းနှင့် ဘင်္ဂလားပင်လယ်အော်အကြားတွင် တည်ရှိသည့် မြစ်များ၊ချောင်းများ၊ နွံအိုင်များပေါသည့် ကမ်းရိုးတန်းကမ်းမြောင်ဒေသတစ်ခုဖြစ်သော ရခိုင်ပြည်နယ်၌ ဤကဲ့သို့ အခြေခံလမ်းမကြီးများ ဖောက်လုပ်လိုက်သည့်အတွက် အမ်းထွက်ပေါက်၊ တောင်ကုတ်ထွက်ပေါက်နှင့် ဂွထွက်ပေါက်တို့သည် ပြည်နယ်၏ အမှန်တကယ် အားကိုးရသော ကုန်းလမ်းထွက်ပေါက်ကြီးများအဖြစ် အဆက်အစပ်ရှိရှိ ပြောင်းလဲရပ်တည်သွားပြီလည်းဖြစ်ကြောင်း။

အခွင့်အလမ်းပွင့်

ထို့အပြင် ရွှံ့နွံတော၊ ဒီရေတော၊ မြေရိုင်းတောတို့ကိုဖြတ်သန်းပြီး ဤအခြေခံလမ်းမကြီးဖောက်လုပ်ခဲ့သည့်အတွက် လမ်းမကြီး၏ ဝဲယာတစ်လျှောက်၌ စိုက်ပျိုးမြေသစ်များ၊ မွေးမြူရေးအတွက် ကန်နှင့်ခြံမြေနေရာသစ်များ ပေါ်ထွက်လာသည့်အပြင် ရမ်းဗြဲကျွန်းနှင့် ပတ်ဝန်းကျင်ဒေသ၌ စီးပွားရေးလုပ်ငန်းများ ထူထောင်လုပ်ကိုင်လိုသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက်လည်း လမ်းပန်းဆက်သွယ်မှုအရ အခွင့်အလမ်းပွင့်သွားစေသည်မှာ အမှန်ဖြစ်ကြောင်း။

ထိထိရောက်ရောက်အသုံးချ

ထို့ကြောင့် နိုင်ငံတော်အစိုးရ၏ ထက်သန်ဖြူစင်သည့်စေတနာကို နားလည်ခံယူပြီး ခက်ခက်ခဲခဲ တည်ဆောက်ပေးထားရသည့် လမ်းများ၊ တံတားများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဤလမ်းတံတားများကို ထိထိရောက်ရောက်အကျိုးရှိရှိ အသုံးချသွားကြရန် မှာကြားလိုကြောင်း။

စနစ်တကျချိတ်ဆက်ဆောင်ရွက်

နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများအားလုံး တစ်ချိန်တည်း တစ်ပြိုင်တည်း မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုတွင် ဆူကြုံနိမ့်မြင့် ကွာဟချက်များ လျော့နည်းပပျောက်စေရန်အတွက် ဒေသဖွံ့ဖြိုးရေးစီမံကိန်းကြီးများဖြစ်သည့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းများကို စနစ်တကျချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း၊ ဤစီမံကိန်းကြီးများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူ လက်တွဲညီညီ

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

မင်းကြောင်းချောင်းတံတားတည်နေရာပြမြေပုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း မင်းကြောင်းချောင်းတံတား ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

အသက်ရှည်စွာ အနာမဲ့ရေး (၁၄)

"ဦးလေးချော၊ ဦးလေးစံမောင်၊ ဦးလေးချစ်တို့ တစ်စုတစ်ဝေးလာကြတာ အကြောင်းတော့ ထူးပြီထင်ပါတယ်။ ကျွန်တော် ဘယ်လိုကဏ္ဍက ပါဝင် ဆောင်ရွက်ပေးရမလဲခင်ဗျ"

"ဒီလိုပါဆရာ၊ ကျွန်တော်တို့ သူပြောငါပြောမရေမရာ သတင်းတွေ ကြားလာလို့ ဆရာများ ပိုပြီး ရေရေရာရာ ရှင်းပြနိုင် မလားလို့ပါ"

"ဟုတ်ကဲ့ ဆိုပါဦးခင်ဗျ"

"ဆရာသာဂဒိုးရေးတဲ့ စူလာနဖာအကြောင်းပါဆရာ။ အဲဒါပြုတ်သောက်တဲ့ လူတချို့ သွေးပေါင်ကျပြီး ဆေးရုံရောက်လာတာတို့၊ သွေးဝမ်းတွေသွားပြီး ဆေးရုံရောက်တာတို့ ကြားနေရတယ်၊ အဲဒါ ဟုတ်ပါသလား ဆရာ"

"ကျွန်တော်လဲ ကြားတော့ကြားပါတယ်၊ မျက်မြင်ကိုယ်တွေ့တော့ မဟုတ်ပါဘူး။ ဒီလိုပဲစကားဆိုတဲ့ ဝေါဟာရအတိုင်း 'ကား' တတ်ကြပါတယ်။ ဆရာသာဂဒိုး စာထဲမှာလဲပါသားပဲ၊ သူ့ဇနီး တိုက်ကြည့်တော့ ဆီးအရောင်မည်းတဲ့ အကြောင်း၊ တစ်လခွဲကြာတော့ ဖြူလာကြောင်းနဲ့ သူ့မိတ်ဆွေ သောက်တော့လဲ ဝမ်းမည်းမည်းတွေသွားကြောင်း၊ ခန့်မှန်းကြည့်ရင် ဒါတွေဟာ ဆီးထဲသွေးပါလို့ မည်းတာ၊ ဝမ်းသွားတဲ့ထဲ သွေးပါလို့ မည်းတာဖြစ်နိုင်တဲ့ လက္ခဏာတွေပါ။ သို့သော် တစ်လကျော်ကြာတော့ ဘာမှမဖြစ်ဖူး ဆိုပြန်တော့လဲ ခန့်မှန်းရခက်သွားပြန်ရော...ခင်ဗျ"

"ရေဖျဉ်းရောဂါ ပျောက်တာတို့၊ ကင်ဆာရောဂါပျောက်တာတို့လဲ ရေးထားတယ်ဆရာ၊ ဟုတ်ပါ့မလား။ ကျွန်တော်တို့ကော သောက်ကြည့်လို့ရမလား" ဟု ဦးလေးချစ်က မေးပါသည်။

"ဦးလေးတို့ရဲ့ အမေးကိုဖြေတဲ့အနေနဲ့ 'ကာလမသုတ်'အကြောင်း ပြန်ဆွေးနွေးကြည့်ရအောင်ပါခင်ဗျာ။ မြတ်စွာဘုရား 'ကာလမနိဂုံး' ရောက်တော့ ရွာသူရွာသားတွေက မေးကြတယ်မို့လား။ ငါ့ရှင်ဂေါတမ၊ ယခင်ဆရာကြီးများကလဲ ပြောခဲ့၊ ဟောခဲ့တာတွေများပြီ။ သူများပြောတာ မယုံနဲ့၊ ငါပြောတာသာ ယုံလို့ဆိုတော့ ဆိုကြတာချည်းပဲ။ ငါ့ရှင်ကရော ဘာတွေပြောလို့၊ ဘာတွေ ဟောဦးမှာလဲ၊ ဘာတွေ ယုံရမှာလဲတဲ့"

"ဒီတော့ မြတ်ဗုဒ္ဓက မိတ်ဆွေတို့ ရှေးဟောင်းအစဉ်အလာလို့ ပြောကြ၊ ဆိုကြတိုင်းလဲ မယုံပါနဲ့၊ စာပေကျမ်းဂန် အရေးအသားရှိတယ်လို့ ပြောတိုင်းလဲ မယုံပါနဲ့၊ ဆရာသမား ဘိုးဘွားမိဘ လက်ထက်က ပြောခဲ့တဲ့ စကားဆိုလို့လဲ မယုံပါနဲ့လို့ မိန့်ကြားတဲ့အခါ ကာလမရွာသားများက ဒါဆို ဘယ်လိုဟာမျိုးကို ယုံရမှာလဲလို့ မေးတော့ ကြားရတဲ့စကားအားလုံးကို ကိုယ်ပိုင်ဉာဏ်ဖြင့် ချင့်ချိန်ပြီးမှ ယုံကြပါ။ ဥပမာ... လောဘ, ကောင်းသလား၊ ဒေါသ,ကောင်းသလား၊ မောဟ,ကောင်းသလားဆိုပြီး မေးတယ်မဟုတ်လား။ ဦးလေးတို့ အားလုံး သိပြီးသားတွေပါ။ လေးလေးနက်နက် စဉ်းစားချင့်ချိန်စေချင်လို့ ထည့်ပြောပေးရတာပါ။"

"ဒါဆို စူလာနဖာက မကောင်းဘူး။ ဆေးဖက်မဝင်ဘူး။ အန္တရာယ်များတယ်ပေါ့။"

" အဲဒီလိုလဲ မဟုတ်ပါဘူးခင်ဗျာ၊ **သစ်ပင်တိုင်းမှာ သူ့အစိတ်အပိုင်းနဲ့သူ ဆေးဖက်ဝင်နေကြတာပါပဲ။ အန္တရာယ်ဆိုတာကတော့ ဘယ်ဆေးဖြစ်ဖြစ် တန်ဆေးလွန်ဘေးဆိုတဲ့ ခေတ်အဆက်ဆက် လက်သုံးစကား ရှိခဲ့တယ်မဟုတ်လား။ ဘယ်ရွေ့ဘယ်မျှ သောက်ပါလို့ အချိန်အဆကို တတ်သိနားလည်တဲ့ ဆေးပညာရှင်က မညွှန်းဘဲနဲ့ ကိုယ်သောက်ချင်သလို စီမံသောက်မယ်ဆိုရင် သောက်တဲ့သူဟာ မျက်ကန်းတစ္ဆေ မကြောက်ဆိုသလို မိမိကိုယ်ကို မညှာတာရာ ရောက်မှာပေါ့"**

"ဟုတ်ပါပြီဆရာရယ်၊ ကျွန်တော်တို့က ဆရာ့အမြင်နဲ့ ဆွေးနွေးချက်ကလေး နားထောင်ရအောင် လာတာပါ" ဟု ဦးစံမောင်က ဝင်ပြောပါသည်။

"ကျွန်တော့်အမြင် မဟုတ်ပါဘူး။ စိတ်ဝင်စားလို့ ရှာဖွေမှတ်သားထား တာလေးတွေ ပြောပြပါ့မယ်။ ဒီစူလာနဖာကို ရက္ခဗေဒအမည် Oldenlandia Corybosa လို့ခေါ်ပြီး လမ်းဘေးတွေမှာ အုတ်ကြား၊ ကျောက်ကြားပေါက်တဲ့ အပင်ငယ်မျိုးဖြစ်ပါတယ်။ အပူပိုင်းဇုန်တွေမှာ ပေါက်ရောက်လေ့ရှိရာမှာ မြောက်အမေရိကအလယ်ပိုင်း၊ တောင်အမေရိကမြောက်ပိုင်း၊ မက္ကဆီကိုနိုင်ငံ၊ အနောက်အိန္ဒိယကျွန်းစု၊ အနောက်တောင်အမေဇုန်ချိုင့်ဝှမ်း၊ အလယ်ပိုင်းအမေဇုန်ချိုင့်ဝှမ်း၊ ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်း၊ အိန္ဒိယ၊ တရုတ်၊ မြန်မာနဲ့ အရှေ့တောင်အာရှနိုင်ငံများမှာ တွေ့ရပါတယ်"

"တရုတ်နိုင်ငံမှာ ရှေးအကျဆုံးဆေးပင်တစ်မျိုးအဖြစ် စာရင်းဝင်ခဲ့ရာမှာ အခုအထိ လူသုံးများဆဲပါပဲ။ တရုတ်လို "ဘိုင်ဟွာရှီရှီကအို" (Bai Hua She She Cao) လို့ ခေါ်ကြတာကတော့ "ရှီ"ဆိုတာ မြွေကိုခေါ်တာပါ။ "ဘိုင်ဟွာ"ဆိုတာကတော့ ကျောကုန်းတွင် "ပန်းပွင့်သဏ္ဍာန်" အကွက်ရှိသောဆိုတဲ့ အနက်အဓိပ္ပာယ်ပါ။ မြန်မာလို ပြန်ရင်တော့ (မြွေပွေး)နဲ့ ဆီလျော်ပါတယ်။ ဒီအပင်ရဲ့ အရွက်ဟာ သေးသေးရှည်ရှည်နဲ့ မြွေရဲ့လျှာနဲ့တူတော့ ရှီကာအို(Shecao)လို့ တရုတ်လို ခေါ်ခြင်းပါ"

"တရုတ်နိုင်ငံ တောင်ပိုင်း ကွမ်တုန်နဲ့ ဖူကျီယန် ပြည်နယ်များမှာ အများဆုံးတွေ့ရပြီး Oldenlandia diffusa, Oldenlandia corymbosa ဆိုပြီး မျိုးကွဲတွေရှိကြပါတယ်။ အထူးဆေး အသုံးများကတော့ မြွေပွေးကိုက်ခြင်း၊ အသည်းကင်ဆာ၊ (Sarcoma)ခေါ် ကင်ဆာမျိုး၊ သွေးကင်ဆာများ၊ သွေးစုနာ၊ ဖက်ခွက်နာများနဲ့ အပူငြိမ်းဆေးအပြင် သွေးအားကောင်းစေဖို့ တရုတ်နိုင်ငံမှာ သုံးကြပါတယ်"

ဒေါက်တာ လွင်ကို

"အဆိပ်အတောက်ဖြစ်စေတဲ့သဘောနဲ့ ဘေးထွက်ဆိုးကျိုးရှိလား ဆရာ"

"မရှိပါဘူး ဦးလေးစံမောင်ခင်ဗျ။ The herb is bitter, neutral, nontoxic and use to clear heat, remove toxin and alleviate pain လို့ ရေးထားပါတယ်"

"ကမ္ဘာမှာ ဒီအပင်အတွက် သုတေသနတွေကောလုပ်ထားကြပြီလား ဆရာ"

"လုပ်နေတာတွေတွေ့ရပါတယ်။ သုတေသနတစ်ခုက စမ်းသပ်တာကတော့ ကင်ဆာကြိတ်တစ်ခုကို ကြွက်ပေါ်မှာ ဖြစ်စေပြီး ပြင်းအားမြင့်ဆေးဖျော်ရည် တစ်မီလီဂရမ် ထိုးသွင်းပေးတာ ထူးခြားမှု မရှိဘူးလို့ ဆိုပါတယ်"

"အခြား သုတေသနဌာနတစ်ခုကတော့ အသည်းကင်ဆာဆဲလ် ပြန့်ပွားမှု ကိုတော့ ဟန့်တားတာတွေ့ရတယ်တဲ့။ ပြင်းအားမြင့်ဆေးဖျော်ရည် တစ်မီလီဂရမ်ကို နေ့စဉ်ကိုးရက်ထိုးပေးတာ ဆဲလ်ပြန့်ပွားမှုကို ၅၇ဒသမ၄ရာခိုင်နှုန်း တားမြစ်တယ်လို့ တွေ့ရကြောင်း ရေးထားပါတယ်"

"Dr. Jiao Shude ရေးတဲ့ (Ten lectures on the use of Medicinals) ဆိုတဲ့ စာအုပ်ထဲမှာတော့ ဒီအပင်ရဲ့ ပြုတ်ရည်ကို နေ့စဉ် ၃၀မှ၄၀ ဂရမ်သောက်ခြင်းဖြင့် ကင်ဆာမျိုးစုံကို ကုသနိုင်သည်လို့ ရေးထားပါတယ်"

"(Pharmacology and Application of Chinese Materia Medica) ဆိုတဲ့ စာအုပ်မှာတော့ ဒီဆေးဖက်ဝင်အပင်ပြုတ်ရည်ကို ကာစီးနိုးမား (ကင်ဆာ)ရောဂါအတွက် ၃၀မှ၆၀ဂရမ် သောက်သုံးရန် ညွှန်းဆို သည်တဲ့။ (Chinese Medicinal Herbs of Hong Kong) ဆိုတဲ့ စာအုပ်ထဲမှာတော့ ဒီအပင်ရဲ့ပြုတ်ရည် ၆၀ ဂရမ်ကို အဆုတ်၊ အသည်းနှင့် အစာဟောင်းအိမ်ကင်ဆာဖြစ်စ လူများအတွက် သောက်ရန် ထောက်ခံသည်လို့ ရေးထားပြန်ပါတယ်"

"(An Illustrated Guide to Anti-neoplastic Chinese Herbal Medicine)မှာ ဒီ Oldenlandia အပင်ရဲ့ အာနိသင်အနေနဲ့ ချို၏။ အနည်းငယ်ခါး၏။ အေး၏။ မျှတစေ၏။ အပူနှင့်အဆိပ်ကို ငြိမ်းစေ၏။ သွေးအားကောင်းစေ၏။ သွေးလည်ပတ်မှုကို အားပေး၏။ ဆီးရွှင်စေ၏။ ဆီးလမ်းကြောင်းပိတ်ဆို့ခြင်းကို ပြေစေ၏လို့ ရေးထားပါတယ်"

"ဆေးအညွှန်းအနေနဲ့ကတော့ အလုံးအကျိတ်အခဲများကို ကြေစေ၏။ အထူးသဖြင့် အစာအိမ်အူလမ်းကြောင်းတစ်လျှောက် ကင်ဆာများ၊ အသည်းကင်ဆာ၊ အသံအိုးကင်ဆာ၊ လင်ဖိုဆာကိုးမားခေါ် ကင်ဆာများအတွက် သုံးသည်။ အသည်းရောင်၊ သည်းခြေအိတ်ရောင်၊ အဆုတ်ရောင်၊ ကျောက်ကပ်ရောင်နဲ့ မွေးကျွတ်နာအပြင် မြွေပွေးကိုက်လျှင် သုံးနိုင်သည်။ သောက်ရန် ပမာဏကတော့ နေ့စဉ် ဆေးပင်ပြုတ်ရည် ၆၀ ဂရမ်လို့ ရေးထားပါတယ်"

"အားလုံးခြုံလိုက်တော့ ဒီအပင်ဟာ ကင်ဆာရောဂါအတွက် အသုံးဝင်တယ်လို့ မှတ်ချက်ပြုနိုင်ပါတယ်ခင်ဗျာ"

"ဒီအပင်မှာ ပါဝင်တဲ့ (Oleanolic acid)ဆိုတဲ့ အက်ဆစ်ဟာ အဓိက ဓာတ်ဆောင်ပါပဲ။ ပုံသဏ္ဍာန်အားဖြင့်တော့ (Pentacyclic triterpenes) ဖြစ်ပါတယ်။ အရောင်ကို လျော့စေသည်။ အပူကို ငြိမ်းစေသည်။ အဆိပ်အတောက်ကို ဖယ်ရှားပေးသည်။ ကိုယ်ခံစွမ်းအားကို တက်စေတဲ့အပြင် ကင်ဆာဆဲလ်ပွားခြင်းကို ဟန့်တားနိုင်သည်ဆိုတဲ့ အာနိသင်ရှိတယ်လို့ ဆိုထားပြန်ပါတယ်"

"ဆရာပြောသွားတဲ့ ဗဟုသုတတွေက တရုတ်နိုင်ငံက လေ့လာထားချက်တွေပေါ့နော်။"၊"တရုတ်နိုင်ငံနဲ့ အမေရိကန်နိုင်ငံ နယူးယောက်မြို့ ရက္ခဗေဒဥယျာဉ်က လေ့လာတွေ့ရှိချက်တွေပါ ဦးလေးချော။ ကျွန်တော်တို့ ရေမြေမှာရှိတဲ့ ဒီစူလာနဖာနဲ့အတူတူပဲပေါ့။ သစ်ပင် အမျိုးအစားချင်းတော့ အတူတူပါပဲခင်ဗျာ"

စူလာနဖာပင်ကို တွေ့မြင်ရစဉ်။

"ရေမြေသဘာဝ ရာသီဥတုခြားလို့ ပါဝင်တဲ့ ရက္ခဓာတုပစ္စည်း ပါဝင်မှု အချိုးအစား ကွာခြားနိုင်ပေမယ့် အခြေခံ အာနိသင်ကတော့ တူမှာပါ"

"ကျွန်တော်တို့နိုင်ငံမှာကော ဒီအပင်အတွက် သုတေသန လုပ်နိုင်ရင် သိပ်ကောင်းမှာပဲနော်ဆရာ" ဟုတ်တယ်။ သက်ဆိုင်ရာ ဌာနတွေက လုပ်နေကြမှာပါ။ သုတေသနလုပ်တယ်ဆိုတာလဲ အချိန်ယူ လုပ်ရတဲ့ လုပ်ငန်းတစ်ခု ဖြစ်ပါတယ်ခင်ဗျာ"

"ဆရာဆွေးနွေးတဲ့ ဗဟုသုတနဲ့ဆိုရင် ကင်ဆာရောဂါနဲ့ မြွေပွေးကိုက်ရင် သေချာပေါက် သုံးလို့ရမှာပေါ့နော်" ဦးလေးစံမောင်က အားတက်သရော မေးပါသည်။

"မြွေဆိပ်ဖြေဆေးမရှိတဲ့နေရာ ဒေသမှာ ဒါမှမဟုတ် မြွေဆိပ်ဖြေဆေး မထိုးနိုင်သေးခင်မှာ သောက်ထားရင်မမှားပါဘူး။ မြွေဆိပ်ဖြေဆေးကို မြွေကိုက် ပြီး တစ်နာရီအတွင်း ထိုးနိုင်ရင် လူ့အသက်ကို ၉၅ရာခိုင်နှုန်း ကယ်တင်နိုင်တာမို့ ရှေးဦးသူနာပြုစုနည်းနဲ့ မြွေဆိပ်ဖြေဆေးကို စောနိုင်သမျှစောအောင် ထိုးဖို့ လိုပါတယ်ခင်ဗျာ။ ကင်ဆာဝေဒနာရှင်များအတွက်တော့ အနောက်တိုင်း ဆေးပညာနည်းနဲ့ခွဲစိတ်ခြင်း၊ ဆေးသွင်းခြင်း၊ ဆေးစားခြင်း၊ ဓာတ်ကင်ခြင်း အမျိုးမျိုးလုပ်နိုင်ပါတယ်။ အဲဒီလို ကုသနေတဲ့အခိုက်မှာဘဲ ဒီစူလာနဖာ ပြုတ်ရည်ကို အချိန်အဆမှန်မှန် သောက်ပေးမယ်ဆိုရင် အကျိုးရှိပါလိမ့်မယ်"

"ဒါ့အပြင် ကာလမနိဂုံးရွာမှာ မြတ်ဗုဒ္ဓဟောကြားခဲ့တဲ့ ကာလမသုတ်ပါ အချက်အလက်များအတိုင်း ကိုယ်ပိုင်ဉာဏ်ဖြင့် ချင့်ချိန်လုပ်ဆောင်သွားရင် လောကီလောကုတ် အကျိုးများပြီး အသက်ရှည်စွာ အနာမဲ့ရေး ဆေးတစ်ခွက်ဖြစ်ကြောင်းပါ ဦးလေးတို့ ခင်ဗျာ"

"ဆရာရှင်းပြတော့မှ ကျွန်တော်တို့ လိပ်ခဲတည်းလည်း ဖြစ်နေတာတွေ ရှင်းသွားပါတယ်။ ကျေးဇူးတင်ပါတယ်ဆရာ"။ ။

သစ်ပင်တိုင်းမှာ သူ့အစိတ်အပိုင်းနဲ့သူ ဆေးဖက်ဝင်နေကြတာပါပဲ။ အန္တရာယ်ဆိုတာကတော့ ဘယ်ဆေးဖြစ်ဖြစ် တန်ဆေးလွန်ဘေးဆိုတဲ့ ခေတ်အဆက်ဆက် လက်သုံးစကား ရှိခဲ့တယ်မဟုတ်လား။ ဘယ်ရွေ့ဘယ်မျှ သောက်ပါလို့ အချိန် အဆကို တတ်သိနားလည်တဲ့ ဆေးပညာရှင်က မညွှန်းဘဲနဲ့ ကိုယ်သောက်ချင်သလို စီမံသောက်မယ်ဆိုရင် သောက်တဲ့သူဟာ မျက်ကန်းတစ္ဆေ မကြောက်ဆိုသလို မိမိကိုယ်ကို မညှာတာရာရောက်မှာပေါ့။

စာမျက်နှာ ၉ မှ

ပူးပေါင်းဆောင်ရွက်မှု အစဉ်အလာကောင်းများဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်သည့်အတွက် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီး၌ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများသည် အုံနှင့်ကျင်းနှင့် စုဖွဲ့ဖြစ်ပေါ်လာနေပြီ ဖြစ်ကြောင်း။ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေး၌ လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်ရေးသည် အဓိကကျသည့်အတွက် ဖွံ့ဖြိုးရေး စီမံကိန်းများ အကောင်အထည်ဖော်ရာ၌ မြစ်ကူး၊ ချောင်းကူးတံတားကြီးများနှင့် ပြည်ထောင်စုလမ်းမကြီးများ၊ စီမံကိန်းများကို မဟာဗျူဟာကျကျ စီမံချက်ချမှတ်၍ ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

လမ်းမကြီးများဖောက်လုပ်ရာ၌ မြစ်ကူး၊ ချောင်းကူးတံတားကြီးများကို မိမိတို့ တပ်မတော်အစိုးရ ခေတ်ကာလတွင် အလုံးအရင်းဖြင့် တည်ဆောက်ပေးလျက်ရှိသည့်အတွက် ဧရာဝတီမြစ်ကူးတံတားကြီး ခုနစ်စင်း၊ ချင်းတွင်းမြစ်ကူးတံတားကြီးနှစ်စင်း၊ သံလွင်မြစ်ကူးတံတားကြီး ငါးစင်း၊ စစ်တောင်းမြစ်ကူးတံတားကြီးတစ်စင်း အပါအဝင် ပေ ၁၈၀အထက် မြစ်ကူး၊ ချောင်းကူးတံတားကြီးပေါင်း ၂၁၄ စင်း တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

ချင်းတွင်းမြစ်၊ ဧရာဝတီမြစ်၊ သံလွင်မြစ် စသည့် မြစ်ကြီးများက ပြည်ထောင်စုကြီးကို သဘာဝအရ ပိုင်းခြားထားသကဲ့သို့ ဖြစ်ခဲ့ရသည့် အခြေအနေကို နိုင်ငံတော်၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ မြန်မာအင်ဂျင်နီယာများ၏ စေတနာပါသော ကြိုးပမ်းအားထုတ်မှုများအရ တံတားကြီးများထိုးပြီး ကျော်လွှားနိုင်နေပြီဖြစ်ကြောင်း၊ ပြည်ထောင်စုကြီး၏ အရှေ့ဖျားမှ အနောက်ဖျား၊ မြောက်ဖျားမှတောင်ဖျား၊ ဒေါင်လိုက်ဖြစ်စေ၊ အလျားလိုက်ဖြစ်စေ သွား၍လာ၍ ရနေပြီဖြစ်ကြောင်း။

မြစ်ချောင်းပေါများသော ရခိုင်ပြည်နယ်ကဲ့သို့ ဒေသမျိုးဖြစ်သည့် ဧရာဝတီတိုင်း၌ မြစ်ကူး၊ ချောင်းကူးတံတားများစွာ ဆောက်လုပ်ပြီး လမ်းမကြီးများ ကွန်ရက်ကျကျ တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် ယခင်ကရေကြောင်းကိုသာ အဓိက အားထားပြီး ညအိပ်ညနေသွားလာခဲ့ကြရသော ဧရာဝတီတိုင်းသည်လည်း ယခုဆိုလျှင် လမ်းပန်းဆက်သွယ်ရေးအရ ထူးထူးခြားခြား တိုးတက်ကောင်းမွန်ပြီး လွယ်ကူစွာသွားလာနေသည်၊ ဖွံ့ဖြိုးတိုးတက်နေသည်ကို လက်တွေ့မျက်မြင်ပင်ဖြစ်ကြောင်း။

အပြန်အလှန်အမှီသဟဲပြု

ဤကဲ့သို့ နိုင်ငံနှင့်အဝန်း လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာမှုသည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီး၏ ဖွံ့ဖြိုးမှု၊ ဒေသအလိုက် စီးပွားရေးတိုးတက်ကောင်းမွန်မှု၊ ဒေသခံပြည်သူများ၏ အသိအမြင်ဗဟုသုတ တိုးတက်ကြွယ်ဝမှုတို့ကို ဖော်ဆောင်ပေးလျက်ရှိသည့်အပြင် တိုင်းရင်းသားပြည်သူအချင်းချင်း ဆက်သွယ်ဆက်ဆံမှု၊ ရင်းနှီးကျွမ်းဝင်မှု၊ အပြန်အလှန်အမှီသဟဲပြုမှုတို့ကိုပါ တိုးပွားစေသည့်အတွက် တိုင်းရင်းသားပြည်သူများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စု စိတ်ဓာတ် အခြေခံကောင်းများကိုလည်း တိုးတက်ခိုင်မာလာစေလျက်ရှိကြောင်း။

ရခိုင်ပြည်နယ်သည် ရေမြေသယံဇာတကြွယ်ဝသည့် အခြေခံကောင်းသော ပြည်နယ်ဖြစ်ကြောင်း၊ ပင်လယ်ဆိပ်ကမ်းကောင်းများ၊ ပင်လယ်ငါးဖမ်း လုပ်ငန်းနှင့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ၊ အပန်းဖြေကမ်းခြေများနှင့် ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံများကိုအခြေခံသည့် ခရီးသွားလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည့်အပြင် စိုက်ပျိုးရေးလုပ်ငန်းများ၊ အခြားစီးပွားရေးလုပ်ငန်းများစသည့် အခွင့်အလမ်းရှိသော ပြည်နယ် ဖြစ်ကြောင်း၊ မကြာသေးမီကပင် ရခိုင်ကမ်းလွန်ပင်လယ်ပြင်၌ စီးပွားဖြစ် သဘာဝဓာတ်ငွေ့သိုက်ကို ရှာဖွေဖော်ထုတ်နိုင်ပြီဖြစ်၍ ရခိုင်ပြည်နယ်၏ တိုးတက်ဖွံ့ဖြိုးမှုအလားအလာသည် ပိုမိုအားကောင်းလာနေပြီဟုလည်း ဆိုနိုင်ကြောင်း၊ ဆန်စပါးပိုမိုထွက်ရှိရေး၊ သီးနှံတစ်ဧက အထွက်နှုန်းမြင့်မားရေး၊ စိုက်ဧကတိုးချဲ့ရေး၊ အမယ်သစ်သီးနှံများနှင့် ရော်ဘာပင်ကဲ့သို့ နှစ်ရှည်ပင်များ စိုက်ပျိုးရေး၊ ငါး၊ ပုစွန်လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရေးတို့ကို ဟန်ချက်ညီညီ ဖိဖိစီးစီး လုပ်သွားကြမည်ဆိုလျှင် ရခိုင်ပြည်နယ်သည် နိုင်ငံတော်အတွက် အားထားရသည့်နယ်မြေဒေသအဖြစ် တိုးတက်ရပ်တည်လာနိုင်မှာ သေချာလျက်ရှိကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ မင်းကြောင်းချောင်းတံတား မုခ်ဦးရှေ့၌ တာဝန်ရှိသူများ၊ ဒေသခံများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ဖိဖိစီးစီးအလုပ်လုပ်

နိုင်ငံတော်အစိုးရပိုင်းက လိုအပ်သည့် အားပေးအထောက်အကူပြုမှုများနှင့် အခြေအနေကောင်းများကိုသာ ဖန်တီးတည်ဆောက်ပေးနိုင်ပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက ကြိုးပမ်းအကောင်အထည်ဖော်ရမည့်သူများသည် ဒေသခံပြည်သူများပင်ဖြစ်ကြောင်း၊ ဒေသ၌ ရှိပြီးဖြစ်သည့် သဘာဝအရင်းအမြစ်များ၊ နိုင်ငံတော်က တည်ဆောက်ပေးထားသည့် လမ်းတံတား အခြေခံအဆောက်အအုံများနှင့် စီးပွားရေး အခြေခံအဆောက်အအုံများကို ထိထိရောက်ရောက်အသုံးချပြီး မိမိတို့၏ ပြည်နယ်ဖွံ့ဖြိုးရေး၊ စီးပွားရေးတောင့်တင်းခိုင်မာရေးတို့အတွက် ဖိဖိစီးစီး အလုပ်လုပ်ကြရန်၊ နိုင်ငံတော်အကြီးအကဲ လမ်းညွှန်သည့်အတိုင်း ဖွံ့ဖြိုးတိုးတက်စေချင်သည်ဆိုလျှင် ကြံရည်ဖန်ရည်ရှိရှိ လူတိုင်းလူတိုင်း အလုပ်လုပ်ကြရန် လိုအပ်ကြောင်း၊ တိုးတက်မှုနှင့်အလုပ်သည် ဒွန်တွဲလျက်ရှိနေခြင်းဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့ဖွင့်လှစ်သည့် ရန်ကုန်–ကျောက်ဖြူလမ်းမကြီးနှင့် တံတားကြီးများ ခဲရာခဲဆစ် ကြိုးစားပမ်းစား တည်ဆောက်ပေးခဲ့သည့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အင်ဂျင်နီယာများ၊ ဝန်ထမ်းများအား မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်းနှင့် ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးခဲ့သည့် ဒေသတာဝန်ခံများ၊ တပ်မတော်သားများနှင့် ဒေသခံပြည်သူများကိုလည်း ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။ ***စာမျက်နှာ ၁၂ ကော်လံ ၁ သို့***

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့ ရန်ကုန်–ကျောက်ဖြူလမ်းမကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့ မင်းကြောင်းချောင်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

မင်းကြောင်းချောင်းတံတား ဖြတ်သန်းကြည့်ရှု

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ မင်းကြောင်းချောင်းတံတားကို ဖြတ်သန်းကြည့်ရှု စစ်ဆေးကြစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၁၁ မှ

ထို့နောက် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က တင်ပြရာ၌ မိမိတို့ ရခိုင်ပြည်နယ်သည် ဘင်္ဂလားပင်လယ်အော်နှင့် ရခိုင်ရိုးမ အကြားတည်ရှိပြီး အခြားသော ပြည်နယ်နှင့်တိုင်းများသို့ ဆက်သွယ်သွားလာရာတွင်လည်းကောင်း၊ ပြည်နယ်အတွင်း ခရိုင်နှင့် မြို့နယ်အသီးသီးအကြား ဆက်သွယ်သွားလာရာတွင် လည်းကောင်း ခက်ခဲလှသော်လည်း ယခုအခါ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်စီမံပေးမှုတို့ကြောင့် ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးများ တိုးတက်ကောင်းမွန်လာပြီဖြစ်ကြောင်း။

ရခိုင်ပြည်နယ်၌ ၁၉၈၈ခုနှစ်မတိုင်မီက ကားလမ်းစုစုပေါင်း ၄၄၈ မိုင်သာ ရှိခဲ့ကြောင်း၊ ယနေ့ဆိုလျှင် မိုင် ၉၇၀ ကျော်ရှိလာပြီ ဖြစ်သည့်အတွက် ကားလမ်းမိုင် ၅၂၃ မိုင် တိုးတက်ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ပထမဆုံး ဖွင့်လှစ်ခဲ့သည့် လမ်းမှာ အရှည်မိုင် ၅၃၀ကျော် ရှည်လျားသည့် စစ်တွေ-အမ်း-ရန်ကုန်လမ်းမကြီးပင်ဖြစ်ကြောင်း၊ ဤလမ်းမကြီးသည် မြစ်ချောင်းများ၊ တောင်တန်းများအပေါ် ဖြတ်ကျော်ပြီး တည်ဆောက်ခဲ့ရခြင်းဖြစ်ကြောင်း။

ဝင်ပေါက်ကြီးသုံးပေါက်

ရခိုင်ပြည်နယ်သည် ယခင်ကရေလမ်းနှင့် လေကြောင်းလမ်းများဖြင့်သာ အဓိကထားပြီး အခြားပြည်နယ်နှင့်တိုင်းများကို ဆက်သွယ်သွားလာခဲ့ရကြောင်း၊ ယနေ့ဆိုလျှင် ရခိုင်ပြည်နယ်သို့ ဝင်ပေါက်ကြီးသုံးပေါက် ရှိခဲ့ပြီဖြစ်ကြောင်း၊ ယင်းဝင်ပေါက်ကြီးသုံးပေါက်မှာ-

ရန်ကုန်-အမ်း-စစ်တွေလမ်း - ၅၃၅ မိုင်၊
ရန်ကုန်-တောင်ကုတ်-ကျောက်ဖြူလမ်း - ၄၀၇ မိုင်၊
ရန်ကုန်-သိုင်းချောင်း-ဂွ-သံတွဲလမ်း - ၂၃၃ မိုင် တို့ဖြစ်ကြောင်း၊

စစ်တွေ-အမ်း-ရန်ကုန် လမ်းမကြီးကိုဖွင့်လှစ်ပြီးနောက် ဗိုလ်ချုပ်မှူးကြီး၏ လမ်းညွှန်စီမံပေးမှုဖြစ်သော မိုင်၄၀၀ကျော်ရှိသည့် ကျောက်ဖြူ-တောင်ကုတ်-ရန်ကုန်လမ်းမကြီးကို ၂၀၀၁ခုနှစ်မှ စတင်ဖောက်လုပ်ခဲ့ကြောင်း။

ဤလမ်းမကြီးသည် ကျောက်ဖြူနှင့်မအီကြား အကွာအဝေး ၇၇မိုင်ရှိသည့် အနက် ရွှံ့ညွှန်ထူထပ်သည့် ဒီရေတောအတွင်း မိုင် ၂၀ကို ဖြတ်သန်းကာ ခက်ခက်ခဲခဲ တည်ဆောက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ဒီရေတောရွှံ့ညွှန်များ အတွင်း ကားလမ်း ဖောက်လုပ်နိုင်ရန်အတွက် (Geotextile) နည်းပညာသုံး၍ ခက်ခက်ခဲခဲ တည်ဆောက်ခဲ့ရသကဲ့သို့ ပေ ၁၈၀ အထက် တံတားကြီး ၁၀ စင်းကိုလည်း တစ်ပြိုင်တည်း တည်ဆောက်ခဲ့ရခြင်းဖြစ်ကြောင်း။

တံတားကြီး ၁၀ စင်းရှိသည့်အနက် ယခု မင်းကြောင်းချောင်းတံတား အပါအဝင် တံတားကြီးကိုးစင်းကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည့်အတွက် ကျောက်ဖြူမှ ရန်ကုန်သို့ လည်းကောင်း၊ ရမ်းဗြဲမှ ရန်ကုန်သို့လည်းကောင်း ခရီးသည်နှင့် ကုန်တင်မော်တော်ယာဉ်လိုင်းများ စတင်ဖွင့်လှစ်ပြေးဆွဲနိုင်ပြီဖြစ်သည့်အတွက် မည်ကဲ့သို့မျှ မဖြစ်နိုင်ဘူးဟု ယူဆရသော အိပ်မက်လမ်းမကြီးသည် ယနေ့ ပြည်သူများရှေ့တွင် မျက်ဝါးထင်ထင် တွေ့မြင်နေရကာ စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း၊ တင်ပြခဲ့သည့် လမ်းမကြီးသုံးခုအပြင် နိုင်ငံတော်အကြီးအကဲ၏ စီမံပေးမှုကြောင့် ပြည်နယ်အတွင်း ထူးကဲသော ကမ်းရိုးတန်းလမ်းမကြီးလည်း ဆက်စပ် ပေါ်ပေါက်ခဲ့ပြီးဖြစ်ကြောင်း။

အိပ်မက်မဟုတ်

ယင်းလမ်းမမှာ စစ်တွေ-အမ်း မိုင်၂၀၀၊ အမ်း-မအီ ၄၂မိုင်၊ မအီ-တောင်ကုတ် ၄၃မိုင်၊ တောင်ကုတ်-သံတွဲ ၄၄မိုင်၊ သံတွဲ-ကျိန္တလီ မိုင် ၄၀၊ ကျိန္တလီ-ဂွ ၄၄မိုင် စုစုပေါင်း ၄၁၃မိုင်ရှိသော ပြည်နယ်၏ အိပ်မက်ကမ်းရိုးတန်းလမ်းမကြီးလည်း ပေါ်ထွက်လာပြီဖြစ်ကြောင်း၊ ယခင်က စစ်တွေကနေ ဂွမြို့အထိ ကားသွား၍ ရမည်ဆိုသည်ကို အိပ်မက်တောင်မမက်နိုင်ကြောင်း၊ ယနေ့မြင်ကွင်း၌ အိပ်မက်မဟုတ်သော နိုင်ငံတော်အကြီးအကဲ၏ စေတနာ ကမ်းရိုးတန်းလမ်းမကြီးပင်ဖြစ်ကြောင်း။

ယခုဖွင့်လှစ်သည့် ရန်ကုန်-ကျောက်ဖြူလမ်းမကြီး ပေါ်ထွန်းလာသည်နှင့်အညီ မကြာမီတွင် ဖြစ်ထွန်းပေါ်ပေါက်လာမည့် ကျောက်ဖြူ ရေနက်ဆိပ်ကမ်းကြီးနှင့်တကွ ရမ်းဗြဲကျွန်းပေါ်ရှိ ရွှေနှင့်ရွှေဖြူ၊ သဘာဝ ဓာတ်ငွေ့များ တူးဖော်ရေးလုပ်ငန်းများနှင့် ဆက်စပ်လျက် ကျောက်ဖြူရမ်းဗြဲ ဒေသသည် ဖွံ့ဖြိုးတိုးတက်လာမည့် ဒေသကြီးတစ်ခုအဖြစ် တွေ့မြင်ရတော့မည်ဖြစ်ကြောင်း။

တိုးမြှင့်ဆောင်ရွက်

ယခုကဲ့သို့ ရခိုင်ပြည်နယ်အတွင်း အဓိကအသက်သွေးကြောဖြစ်သည့် ဆက်သွယ်ရေးလမ်းမကြီးများ ပေါ်ပေါက်လာသည်နှင့်အမျှ ရခိုင်ပြည်နယ်၏ အဓိကစိုက်ပျိုးရေးလုပ်ငန်းများဖြစ်သည့် ဆန်စပါးစိုက်ပျိုးရေး၊ အဓိကသီးနှံကြီး ၁၀ မျိုး စိုက်ပျိုးရေး၊ နှစ်ရှည်သီးနှံများဖြစ်သည့် ဧရာတ်ကောင်း၊ ရော်ဘာ၊ သစ်ဆိမ့်၊ ကြက်ဆူစိုက်ပျိုးရေးလုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ အခက်အခဲများစွာကြားမှ ပေါ်ပေါက်လာသည့် အိပ်မက်လမ်းမကြီးများ၊ ပြည်နယ်ချင်း၊ မြို့နယ်ချင်းဆက် စေတနာလမ်းများနှင့် ဤလမ်းမကြီးများပေါ်၌ရှိသည့် တန်ဖိုးကြီးမားလှသော တံတားကြီးများ အရှည်တည်တံ့ခိုင်မြဲအောင် ပြည်နယ်အတွင်းရှိ ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းထိန်းသိမ်းသွားကြရမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထူးခြားသည့်နေ့

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက အမှာစကားပြောကြားရာ၌ ယနေ့သည် ရခိုင်ပြည်နယ်အတွက်သာမက နိုင်ငံတော်အတွက်ပါ ထူးခြားသည့်နေ့ဖြစ်ကြောင်း၊ အကြောင်းမှာ မိုင် ၄၀၀ ကျော်ရှည်သည့် ရန်ကုန်-ကျောက်ဖြူလမ်းမကြီးကို ဖွင့်လှစ်ပေးနိုင်ခြင်းဖြစ်သကဲ့သို့ မအီ-ကျောက်ဖြူလမ်းအပိုင်း တံတားကြီး ၁၀ စင်းအနက်က ကိုးစင်းမြောက် ဤမင်းကြောင်းချောင်းတံတားကြီးကို ဆက်လက်ဖွင့်လှစ်ပေးနိုင်၍ပင် ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် လမ်း၊ တံတားများကို ဦးစားပေးတည်ဆောက်ခဲ့ရာ ၁၉၈၈ခုနှစ်တွင် နိုင်ငံတော်၌ လမ်းမိုင် ၁၃၆၃၅ မိုင်ကနေ ယခုဆိုလျှင် ၁၉၀၂၀ မိုင် ခြောက်ဖာလုံရှိလာပြီဖြစ်၍ ၅၃၈၆ မိုင် တိုးတက်ဖောက်လုပ်ပေးပြီး ဖြစ်ကြောင်း၊ ပေ ၁၈၀ အထက် တံတားကြီးများတွင် ဤတံတားအပါအဝင် ၁၉၄ စင်း ဖွင့်လှစ်ပေးပြီးဖြစ်ကြောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ခုနစ်စင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက နှစ်စင်းနှင့် တပ်မတော်သားများ တည်ဆောက်ခဲ့သည့် ၁၁ စင်းနှင့်ဆိုလျှင်တံတားစုစုပေါင်း၂၁၄စင်း ရှိပြီ ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ပေ ၁၈၀အထက် တံတားများအနေဖြင့် ဤတံတားအပါအဝင် ၃၄ စင်း တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ရန်ကုန်-ကျောက်ဖြူလမ်း ဖောက်လုပ်ရာ၌ ပထမဆင့်အနေဖြင့် တောင်ကုတ်မှ မအီပိုင်းကို ၂၀၀၀ ပြည့်နှစ်မှ လမ်းအူကြောင်း စတင်တိုင်းတာစေပြီး လုပ်ငန်းအနေဖြင့် ၂၀၀၂ ခုနှစ်တွင် ဆောင်ရွက်ခဲ့ရာ လမ်းရောတံတားပါ ၂၀၀၅ ခုနှစ်တွင် ပြီးစီးခဲ့ကြောင်း၊ ၎င်းနှင့်တစ်ပါတည်း တောင်ကုတ်-မအီလမ်းပိုင်းအတွင်းရှိ ကိုင်းရှည်တံတား၊ တန်းလွဲတံတား၊ ဆားပြင်တံတား၊ လမူးတံတားနှင့် မအီချောင်းတံတားတို့ကို ၂၀၀၁ ခုနှစ်တွင် အပြီးဆောင်ရွက်ပေးခဲ့ကြောင်း။

ဒုတိယဆင့်အနေဖြင့် မအီ-ကျောက်ဖြူလမ်းအပိုင်းကို ဖောက်လုပ်ခဲ့ရာ စုစုပေါင်း ၇၇ မိုင်အနက် (Swamp Portion) ဒီရေရွှံ့ညွှန်တော မိုင် ၂၀ ခန့် အတွင်းတွင် ဆောင်ရွက်ရခြင်းဖြစ်၍ အခက်အခဲဆုံးဖြစ်ကြောင်း၊ လုပ်ရိုးလုပ်စဉ် မြေဖို့၊ ကျောက်ခင်းပြီး ကြိတ်ရုံဖြင့်မပြီးဘဲ ပင်လယ်ဒီရေတက် ရွှံ့ညွှန်တောအတွင်း ခေတ်မီနည်းစနစ်အရ အောက်ခြေမြေသားခိုင်မာအောင် (Geotextile) နည်းစနစ်ဖြင့် ပြုပြင်ရကြောင်း၊ ရန်ကုန်-စစ်တွေလမ်း၊ ရန်ကုန်-ကျောက်ဖြူလမ်းတို့ကိုသာမက ရခိုင်ပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်း အလွယ်တကူ ကူးလူးဆက်သွယ်ပေးသည့် ၄၅ မိုင်ခန့်ရှိ အမ်း-ပဒဲကြောလမ်းကို ရခိုင်ရိုးမကို ဖြတ်၍ လူအား၊ စက်အားအသုံးပြုပြီး ခက်ခက်ခဲခဲဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခုကဲ့သို့ ဆောင်ရွက်ပေးနိုင်ခြင်းကြောင့် ရခိုင်ပြည်နယ်အတွင်း အရှေ့နှင့်အနောက်၊ တောင်နှင့် မြောက် လွယ်လင့်တကူ ကောင်းမွန်စွာသွားလာနိုင်ပြီး အခြား ပြည်နယ်၊ တိုင်း ဒေသအသီးသီးနှင့် မကွေးတိုင်းမှ တစ်ဆင့်သော်လည်းကောင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းတို့မှ တစ်ဆင့်သော်လည်းကောင်း ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း၊ လမ်းနှင့်အတူ ဖွင့်လှစ်သည့် မင်းကြောင်းချောင်းတံတားသည် ရန်ကုန်-တောင်ကုတ်-မအီ-ကျောက်ဖြူ လမ်းပေါ်ရှိ ပေ ၁၈၀ အထက်တံတားကြီး ၁၀ စင်းရှိသည့်အနက် တစ်စင်းဖြစ်ကြောင်း။

ဤတံတားတည်ဆောက်ရာတွင် တည်ဆောက်ရေးကာလ အစဦးပိုင်း၌ တံတားတည်ဆောက်ရန် အဓိကလိုအပ်သည့် ရေချိုမရရှိနိုင်၍ ရေမိုင် ၇၀ ကျော်ကွာဝေးသော ကျောက်ဖြူမြို့မှ ရေယာဉ်များဖြင့် ခက်ခက်ခဲခဲသယ်ယူ၍ အသုံးပြုခဲ့ရကြောင်း၊ ထို့ကြောင့် ရေချိုလုံလောက်စွာရရှိရေးအတွက် ရေလှောင်တမံနှစ်ခုတည်ဆောက်စေခဲ့ရာ ဤတံတားကြီးတည်ဆောက်ရာတွင် အကျိုးရှိသည့်အပြင် ဒေသခံပြည်သူများအတွက် ပင်လယ်ရေ အတက်အကျနှင့်ကြုံတွေ့ပြီး ရေချိုရရှိနိုင်ရန် အလွန်ခက်သည့် ဤဒေသ၌ ရေချိုကိုလုံလောက်စွာ ဒေသခံပြည်သူများအနေဖြင့် အသုံးပြုနိုင်ခဲ့ပြီဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် ကျောက်ဖြူမြို့နယ်မှ ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ဦးအောင်တင်သိန်းက ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားရာ၌ မိမိတို့ ရခိုင်ပြည်နယ်သည် ပထဝီအနေအထားအရ ရေမြေတောတောင် ထူထပ်သည့် ပင်လယ်ကမ်းရိုးတန်းဒေသ၌ တည်ရှိပါကြောင်း၊ ပြည်မနှင့် ရခိုင်ရိုးမကြီး ကာဆီးထား၍ သွားလာရေးခက်ခဲသကဲ့သို့ ပြည်နယ်အတွင်း သွားလာရေး၊ ဆက်သွယ်ရေးသည်လည်း အလွန်ပင်ခက်ခဲလှပါကြောင်း၊ ဤကဲ့သို့ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုတို့ကြောင့် အသိအမြင် ဗဟုသုတ နည်းပါးကာ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးတို့တွင် အဘက်ဘက်မှနိမ့်ကျပြီး တိုးတက်မှုများနှေးကွေးလျက် နှစ်ပေါင်းများစွာ နေခဲ့ရပါကြောင်း၊ ပြည်နယ်၊ ပြည်မဆက်သွယ်ပေးသည့် ကားလမ်းမကြီးဖြစ်လာရန် အရေး အိပ်မက်ဖြင့်ပင် မမျှော်တွေးနိုင်ခဲ့ကြသော်လည်း ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ ထူးကဲသော မေတ္တာစေတနာ၊ ကြီးမားသော ဖြည့်ဆည်းဆောင်ရွက်ပေးမှုတို့ကြောင့် အိပ်မက်ပင် မမက်ရဲသော အဝေးပြေးကားလမ်းမကြီးမှာ ယနေ့မျက်မှောက် ပြည်သူတို့ လျှောက်လှမ်းနေရပြီဖြစ်ပါကြောင်း။

မိမိတို့ဒေသ၌ ယခင်က ရေလမ်းကိုသာ အဓိက အားကိုးသွားလာခဲ့ရပါကြောင်း၊ မိမိသွားလိုသည့်နေရာကို အချိန်မရွေးမသွားနိုင်ဘဲ ရာသီနှင့်ဒီရေကို ချိန်ဆပြီး သွားလာခဲ့ရပါကြောင်း၊ ယခုအခါ ဤကားလမ်းမကြီး ဖောက်လုပ်လိုက်ပြီဖြစ်သည့်အတွက် အချိန်မရွေး မြန်မာနိုင်ငံအနှံ့အပြားသို့ အလွယ်တကူ သွားရောက်နိုင်ပြီဖြစ်ရာ ဒေသတစ်ခုလုံး အဘက်ဘက်မှ လျင်မြန်စွာတိုးတက်ဖွံ့ဖြိုးလာတော့မည်ဖြစ်သကဲ့သို့ တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း ချစ်ခင်ရင်းနှီးမှုများလည်း ပိုမိုရရှိလာတော့မည်ဖြစ်ပါကြောင်း။

အမှာစကားပြောကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ရန်ကုန်-ကျောက်ဖြူလမ်းမကြီးနှင့် မင်းကြောင်းချောင်းတံတားဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဤကဲ့သို့ အဘက်ဘက်မှ အထောက်အကူ အကျိုးကျေးဇူးဖြစ်ထွန်းစေမည့် ရန်ကုန်-ကျောက်ဖြူကားလမ်းမကြီး အောင်မြင်စွာဖောက်လုပ်နိုင်ရေးအတွက် ဦးဆောင်လမ်းညွှန်ပေးသည့် နိုင်ငံတော်အကြီးအကဲနှင့် ဤတံတားကြီး လျင်မြန်စွာဖွင့်လှစ်နိုင်ရေးအတွက် တာဝန်ယူ တည်ဆောက်ပေးခဲ့ကြသူများ၊ ကူညီပံ့ပိုးပေးကြသူများနှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ တည်ဆောက်ဖောက်လုပ်ပြီး လမ်းတံတားများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

နှုတ်ခွန်းဆက်စကားပြောကြား

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား နှုတ်ဆက်စကားပြောကြားရာတွင် ယနေ့မင်္ဂလာရှိသည့် နှစ်ဆန်းတစ်ရက်နေ့၌ ရခိုင်ပြည်နယ်မှ ပြည်သူများအတွက် လက်တွေ့ အကျိုးပြုသည့် လုပ်ငန်းတစ်ခု အကောင်အထည်ဖော်ပြီးဖြစ်၍ ဝမ်းမြောက်ဝမ်းသာဖြစ်ရကြောင်း။

မိမိတို့နိုင်ငံ၌ ပြည်ထောင်စုတိုင်းရင်းသား လူမျိုး ၁၀၀ ကျော် ရင်းနှီးချစ်ခင်စွာ အတူယှဉ်တွဲနေထိုင်လျက်ရှိရာ တိုင်းရင်းသား ညီအစ်ကိုအားလုံး စုစုစည်းစည်းဖြင့် ကြိုးစားတည်ဆောက်လုပ်ကိုင်မည်ဆိုပါက အောင်မြင်မှုများ ဆက်ကာဆက်ကာဖြစ်ပေါ်လာပြီး နိုင်ငံတော်ကြီး အတိုင်းမသိ ခေတ်မီဖွံ့ဖြိုး တိုးတက်သွားမှာဖြစ်ကြောင်း။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

ဒုတိယအကြိမ် ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး နှစ်ဦးဓမ္မသဘင် အထူးတရားပွဲ

'သစ်ဆန်းကြားနာ၊ စင်ကြယ်စွာသား' ယုံမှားပယ်တတ်၊ ဖြောင့်မတ်ယူမြင်၊ စိတ်ကြည်လင်ရိုး၊ ဤငါးမျိုးသည် တရားနာရာ အကျိုးတည်း။ ။

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရားဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာကြားနာရသူတိုင်း အထက်ပါ အကျိုးတရား ငါးပါးတို့ဖြင့် ပြည့်စုံကြစေရန် စိတ်ရည်သန်၍- ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး၏ ဒုတိယအကြိမ် နှစ်ဦးဓမ္မသဘင် အထူးတရားပွဲကို တစ်ဖက်ပါအတိုင်း ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ သဒ္ဓါတရား ဦးထိပ်ထားလျက်တရားနာ ကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရွှင်ကြည်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့်ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက်	အထူးတရားပွဲအစီအစဉ်
သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒ သာသနဓဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ သဒ္ဓမ္မဇောတိကဓဇ ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၊ တံခွန်တိုင်တမာတန်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့	၁၃၆၈ခု၊ ဦးတန်ခူးလပြည့်ကျော် ၉ ရက် သောကြာနေ့ (၂၁-၄-၂၀၀၆)	**ကျင်းပမည့်နေ့ရက်** ၁၃၆၈ ခု၊ ဦးတန်ခူးလပြည့်ကျော် ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ ၂၀၀၆ခုနှစ် ဧပြီလ ၂၁ ရက်နေ့မှ ၂၃ ရက်နေ့အထိ
အရှင်ဇဝန(မေတ္တာရှင်၊ ရွှေပြည်သာ) မန္တလေးကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်	၁၃၆၈ ခု၊ ဦးတန်ခူးလပြည့်ကျော် ၁၀ ရက် စနေနေ့ (၂၂-၄-၂၀၀၆)	**ကျင်းပမည့်နေရာ** မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီး၊ ကျောင်းကြီးတိုက်၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်
ပထမကျော် ဓမ္မာစရိယ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)	၁၃၆၈ ခု၊ ဦးတန်ခူးလပြည့်ကျော် ၁၁ ရက် တနင်္ဂနွေနေ့ (၂၃-၄-၂၀၀၆)	**ကျင်းပမည့်အချိန်** ညစဉ် ၇း၀၀ နာရီ

စာမျက်နှာ ၁၂ မှ

အရေးကြီးသည်မှာ ပြည်ထောင်စုစိတ်ဓာတ် ခိုင်ခိုင်မာမာ တောင့်တောင့်တင်းတင်းရှိရန်၊ တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်ရန်ဖြစ်ကြောင်း၊ ညီညွတ်မှုရှိမှသာ၊ အလုပ်လုပ်မှသာ နိုင်ငံတော်ကြီးရော၊ ဒေသအားလုံးပါ ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း။

တက်ညီလက်ညီအလုပ်လုပ်

မိမိတို့နိုင်ငံ၌ ရေမြေသယံဇာတ ပြည့်စုံဖူလုံမှုလည်း ရှိပြီးဖြစ်၍ တက်ညီလက်ညီ အလုပ်လုပ်ကြရန်လိုကြောင်း၊ နိုင်ငံတော်နယ်နိမိတ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူပြီး ပြည်ထောင်စုကြီးကို အလုပ်အကျွေးပြုကြရန်ပင် ဖြစ်ကြောင်း။

ဦးစီးဦးဆောင်ပြုနေသည့် နိုင်ငံတော်အစိုးရအပိုင်းရော၊ ပြည်သူများအပိုင်းကပါ ပြည်ထောင်စုစိတ်ဓာတ် ရှိရမှာဖြစ်ကြောင်း၊ မည်သူ့ကို သာစေ၊ မည်သူ့ကို နာစေဆိုသည့် စိတ်ဓာတ်မျိုးထား၍မရကြောင်း၊ သူ့ဒေသ ကိုယ့်ဒေသ၊ ကျေးသားရင်သား မခွဲခြားဘဲ တိုင်းရင်းသားလူမျိုးအားလုံး၊ နယ်မြေဒေသအားလုံး ဖွံ့ဖြိုးတိုးတက်စေရမည်ဆိုသည့် ခံယူချက်ရှိရမှာဖြစ်ကြောင်း။

ပြည်သူများအပိုင်းကလည်း ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရမည်၊ မိမိနယ်မြေ၊ မိမိဒေသသာမက မိမိနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရမည်ဆိုသည့် စိတ်ဓာတ် မွေးမြူရမှာဖြစ်ကြောင်း။

ကြိုးကြိုးစားစား

ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်ဆိုသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို အရင်းခံပြီး နိုင်ငံတော်အစိုးရရော၊ ပြည်သူများကပါ ကြိုးကြိုးစားစား အလုပ်လုပ်ကြမည်ဆိုပါက မိမိတို့နိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်လာမှာ သေချာကြောင်းဖြင့် ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဒေသခံပြည်သူများအား နှုတ်ဆက်စကား ပြောကြားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ရန်ကုန်-ကျောက်ဖြူလမ်းမကြီး ဖွင့်ပွဲကျင်းပမည့် မုခ်ဦးရှေ့၌ နေရာယူကြပြီး မင်္ဂလာအချိန် နံနက် ၈နာရီ ၄၅မိနစ်တွင် ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က ဖဲကြိုးဖြတ်၍ ရန်ကုန်-ကျောက်ဖြူလမ်းမကြီးကို ဖွင့်လှစ်ပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီးနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် တာဝန်ရှိသူများ၊ ဒေသခံများနှင့်အတူ ရန်ကုန်-ကျောက်ဖြူ လမ်းမကြီး မုခ်ဦးရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဖွင့်လှစ်ပေး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်-ကျောက်ဖြူလမ်းမကြီး ကျောက်ဖြူ-မအီအပိုင်း ၇၇ မိုင် စာသားပါ လမ်းဖွင့်ပွဲ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကို နံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ မင်းကြောင်းချောင်းတံတားဖွင့်ပွဲကို တံတားထိပ်မုခ်ဦးရှေ့၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က ဖဲကြိုးဖြတ်၍ မင်းကြောင်းချောင်းတံတားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မင်းကြောင်းချောင်းတံတားမုခ်ဦးရှေ့၌ တာဝန်ရှိသူများ၊ ဒေသခံများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် မင်းကြောင်းချောင်းတံတားကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဝန်ကြီးဗိုလ်ချုပ်စောထွန်းတို့သည် တံတားကမ္ပည်းမော်ကွန်းကို နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မင်းကြောင်းချောင်းတံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တာဝန်ယူတည်ဆောက်ခဲ့

မင်းကြောင်းချောင်းတံတားကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၁၁)က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်-တောင်ကုတ်-မအီ-ကျောက်ဖြူ လမ်းမကြီး(မအီ-ကျောက်ဖြူ) အပိုင်း ရမ်းဗြဲမြို့နယ်အတွင်း တည်ရှိသည့် တံတားကြီးဖြစ်သည်။ တံတားအရှည်မှာ ၂၇၀၄ ဒသမ ၂ပေဖြစ်သည်။ ယာဉ်သွားလမ်း အကျယ် ၂၄ပေနှင့် တံတားတစ်ဖက်စီတွင် သုံးပေစီကျယ်သည့် လူသွားလမ်းတို့ပါရှိသည်။

တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ် ၁၇၁ပေ၊ အမြင့် ၃၈ ပေ ဖြစ်သည်။ တံတားအမျိုးအစားမှာ အပေါ်ထည် သံမဏိသံပေါင်-သံကူ ကွန်ကရစ် တံတားအမျိုးအစားဖြစ်သည်။ အောက်ထည်မှာ သံကူကွန်ကရစ် ဘိုးပိုင် အုတ်မြစ်အမျိုးအစားဖြစ်သည်။ ခွင့်ပြုအလေးချိန်မှာ တန် ၆၀ဖြစ်သည်။

ကျောက်ဖြူသို့ရောက်ရှိ

မင်းကြောင်းချောင်းတံတား ဖွင့်ပွဲအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ကျောက်ဖြူမြို့၌ ကျင်းပမည့် ရန်ကုန်-ကျောက်ဖြူ လမ်းမကြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်အားပေးကြရန် ကျောက်ဖြူမြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ရန်ကုန်-ကျောက်ဖြူ လမ်းမကြီး ဖွင့်ပွဲအခမ်းအနားကို နံနက် ၉နာရီ ၄၅မိနစ်တွင် ကျောက်ဖြူမြို့ ကမ်းနားလမ်း၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က ဖဲကြိုးဖြတ်၍ ရန်ကုန်-ကျောက်ဖြူ လမ်းမကြီးကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရန်ကုန်-ကျောက်ဖြူလမ်းဖွင့်ပွဲ မုခ်ဦးရှေ့၌ တာဝန်ရှိသူများ၊ ဒေသခံများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

နံ့သာရည်များပက်ဖျန်း

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်-ကျောက်ဖြူလမ်းမကြီး ဖွင့်ပွဲ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး နံ့သာရည်များဖြင့် ကမ္ပည်းမော်ကွန်းကို ပက်ဖျန်းပေးသည်။

ထို့နောက် ရန်ကုန်-ကျောက်ဖြူ လမ်းအတိုင်း ခရီးသည်တင် မော်တော်ယာဉ်များ ကျောက်ဖြူမြို့မှ စတင်ထွက်ခွာကြပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ဂါရဝပြုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ဆက်ကပ်လှူဒါန်း

ရန်ကုန်အနောက်ပိုင်းခရိုင် ယာဉ်လိုင်းများ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ (ရုံးချုပ်) မိသားစု၏ (၂၉)ကြိမ်မြောက် ဘုရားကိုးဆူပူဇော်ပွဲနှင့် သံဃာတော်များအား လှူဖွယ်ဝတ္ထု ဆက်ကပ်လှူဒါန်းပွဲကို ဧပြီ ၁၈ ရက်က ရုံးချုပ်ခန်းမတွင် ပြုလုပ်ရာ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့် ကိုယ်စား တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြစဉ်။ (၁၂၉)

မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် စနစ်တကျထိန်းသိမ်းကြပ်မတ်ခဲ့ ယာဉ်တိုက်မှုအနည်းအကျဉ်းသာရှိ

ရန်ကုန် ဧပြီ ၁၈

၂၀၀၆ ခုနှစ် ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ ကျရောက်ခဲ့သည့် ၁၃၆၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ယာဉ်မတော်တဆမှုနှင့် ယာဉ်တိုက်မှုကြောင့် သေဆုံးသူ ၁၁ ဦးနှင့် ဒဏ်ရာရရှိသူ ၂၇ ဦးရှိခဲ့သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ပြည်သူများက ရိုးရာယဉ်ကျေးမှုထုံးတမ်းစဉ်လာများနှင့်အညီ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသကဲ့သို့ သက်ဆိုင်ရာအာဏာပိုင်အသီးသီးကလည်း မဟာသင်္ကြန်ပွဲတော်မတိုင်မီကပင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ဆင်နွှဲသူများလိုက်နာရန် စည်းကမ်းများ၊ သတိပေးနှိုးဆော်ချက်များ၊ ရှောင်ကြဉ်ထိန်းသိမ်းရန်အချက်များ၊ တိုက်တွန်းနှိုးဆော်ချက်များကို စနစ်တကျ ထုတ်ပြန်သတိပေးခဲ့သည့်အပြင် ပွဲတော်ကာလအတွင်းတွင်လည်း စနစ်တကျစည်းရုံးထိန်းသိမ်း ကြပ်မတ်ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ သေဆုံး၊ ဒဏ်ရာရရှိမှု နည်းပါးရခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နယ်အတွင်း ပျိုးထောင်ထားသော ခြစ်ညည်းရိုးကြက်ဆူပျိုးပင်များကို ဧပြီ၆ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကို ကွင်းဆင်း စစ်ဆေးရာ လက်ထောက်ညွှန်ကြားရေးမှူး အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်က ရှင်းလင်း ပြသစဉ်။

(ဝ၉၈)

ဗုဒ္ဓဒေသနာတော် ရွတ်ဆိုပူဇော်ပြိုင်

ဝမ်းတွင်း ဧပြီ ၃

ဝမ်းတွင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် ဒုတိယအကြိမ် ဗုဒ္ဓဒေသနာတော် အလွတ်ရွတ်ဆိုပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၂၇ ရက် နံနက်ပိုင်းက ရာဇမုနိဘုရား ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ် ရွတ်ဆို ပူဇော်၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် မြို့နယ်သံဃနာယကဆရာတော် ဘဒ္ဒန္တပညာဇောတိက ဩဝါဒကထာ မြွက်ကြားတော်မူပြီး မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူက ပြိုင်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝတ်ရွတ်ပြိုင်ပွဲ၊ ဘုံဆွမ်းလောင်းအသင်းနှင့်ကျောက်ဆင်တောရစေတီတော်တို့အတွက် အလှူငွေများကို စေတနာရှင်များက လှူဒါန်းကြရာ မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

အဆိုပါ ဝတ်ရွတ်ပြိုင်ပွဲတွင် ရပ်ကွက်၊ ကျေးရွာအုပ်စု၇၅စုမှ အမျိုးသား၇၆သင်း၊ အမျိုးသမီး၇၇သင်း စုစုပေါင်း ၁၅၃ သင်းပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် ဧပြီ ၃ ရက်က ကျောက်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ စိုက်ပျိုးထားသော ခြစ်ညည်းရိုးကြက်ဆူပင် စိုက်ပျိုးမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသာအေးက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

သာယာဝတီဈေးနှင့် သုံးဆယ်ဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မတ် ၂၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(အခွန်) ဒေါ်နော်ဆာစေးဝါးနှင့် ဈေးဝန်ထမ်းများ၊ မြို့နယ်မီးသတ် ဦးစီးဌာန ဝန်ထမ်းများနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ လက်တွေ့ သရုပ်ပြလေ့ကျင့်စဉ်။ (မြို့နယ် စည်ပင်)

မြန်မာ့အသံ

၁၃၆၈ခုနှစ်
ဦးတန်ခူးလပြည့်ကျော် ၈ ရက်
၂၀–၄–၂၀၀၆
(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (စစ်ကိုင်းတိုင်းမှ အရာတော်ဆည်)
၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁)သံတူကြောင်းကွဲ စကားလုံးများနှင့် အသုံးအနှုန်းအဘိဓာန် (ဒုတိယတွဲ) (ဆရာ ဦးသိန်းလွင်)
(၂)မဂ္ဂဇင်းဝတ္ထုတိုများ (နန္ဒာစိုး–ဆင်ဖြူကျွန်း)
၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (ကျန်းမာရေးအတွက် လေသန့်သန့် ရှူရှိုက်စို့–မောင်ဆုရှင်)
၁၂:၂၀ အစာနှင့် အာဟာရ (ကညွှတ်)

ညနေပိုင်း

၁၆:၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၇:၀၀ တပ်မတော်စာတိုက်
၁၇:၁၅ သုတကမ္ဘာ
၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
၁၉:၁၅ ဓာတ်လမ်းပမာနားဆင်စရာ (ကျီစားသန်တဲ့ ကံကြမ္မာ)

မြန်မာ့ရိုးရာယဉ်ကျေးမှု ဆံကေသာအလှပြိုင်၊ ဆုပေးအပ်ချီးမြှင့်

မြန်အောင် ဧပြီ ၈

မြန်အောင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာယဉ်ကျေးမှု ဆံကေသာအလှပြိုင်ပွဲကို မတ် ၃ ရက် ည ၈ နာရီက အောင်ဇေယျခန်းမတွင်ကျင်းပရာ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ဆံကေသာအလှပိုင်ရှင်၁၀ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု ဆံကေသာအလှပြိုင်ပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်အားပေးကြည့်ရှုကြသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆံကေသာအလှပြိုင်ပွဲတွင် ပထမဆုရ အမှတ်(၅) ရပ်ကွက်မှ မကျော့ကေခိုင်အား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှ သိန်းဦးက ဆုချီးမြှင့်ပြီး ဆက်လက်၍အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဆုများ ချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ပန်းအလှပင်များ စုပေါင်းစိုက်ပျိုး

ပန်နန်းဒင် ဧပြီ ၁

ပန်နန်းဒင်မြို့ စည်ပင်သာယာရေးအဖွဲ့သည် ပန်နန်းဒင်မြို့ကို မြို့အင်္ဂါရပ်နှင့်အညီ သာယာလှပရေး ဆောင်ရွက်လျက်ရှိရာ မတ် ၁၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် မြို့နေပြည်သူများ စုပေါင်း၍ ဒေသထွက် ပန်းအလှပင်များနှင့် အရိပ်ရပင်များ စုပေါင်းစိုက်ပျိုးမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခေါ်ဒုခင်ဆားရ်က ကြီးကြပ်ဆောင် ရွက်ပေးခဲ့ကြောင်း သိရသည်။

(ပြည်နယ် စည်ပင်)

ရခိုင်ပြည်နယ် မြေပုံမြို့ မြို့ရေပေးရေး ပထမပိုင်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၀ ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်နိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဦးချစ်မောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဘိုကလေးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကြီးမှူး ဓာတ်ပုံပြပွဲနှင့် နံရံကပ်စာစောင်ဖွင့်

ဘိုကလေး ဧပြီ ၉

ဘိုကလေးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် ဓာတ်ပုံပြပွဲနှင့် နံရံကပ်စာစောင်ဖွင့်ပွဲ အခမ်းအနားကိုမတ်၂၇ရက်က မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၌ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးယု တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးခင်စောသို့ ဘိုကလေးမြို့ (၅)ရပ်ကွက်နေ ဒေါ်ခင်ဦး (ခင်ဦး–ပုတီးကုန်း)ကစာအုပ်စာစောင် ၁၀၀နှင့် ကျေးလက်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ် ၁၀၀၀၀ ပေးအပ်လှူဒါန်းသည်။

(မြို့နယ် ပြန်/ဆက်)

တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့အဝင်လမ်းလယ် တြိဂံပြုလုပ်ခြင်းနှင့် ပန်းအလှခုံ ပြုလုပ်ခြင်းများကို မတ်၁၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ ဦးခင်မောင်အေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လွင်ဦးတို့ ကြီးကြပ် ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ထွန်းရွှေဝါဆေးတိုက် နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

ထွန်းရွှေဝါ တိုင်းရင်းဆေး ထုတ်လုပ်ရေးလုပ်ငန်းကို အသက်ဘက်မှ ပိုင်းဝန်းပံ့ပိုးကူညီအားပေးခဲ့ကြသော ကျေးဇူးရှင် ဆရာများနှင့် မိတ်ဆွေအပေါင်းအသင်းများ၊ အနယ်နယ်အရပ်ရပ်ရှိ ဆေးရောင်းကိုယ်စားလှယ်ကြီးများနှင့် သုံးစွဲသူ မိဘပြည်သူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ ရှာန်းရှင်လူ ပြည်သူများ အားလုံး ၁၃၆၈ ခု နှစ်သစ်ကူးမှစ၍ ဘေးဘယ ပေးကွာ၍ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်အတူ စီးပွားဥစ္စာများ ဒီရေအလား တိုးတက်ပါစေကြောင်းနှင့် မင်္ဂလာအပေါင်းနှင့် ပြည့်စုံပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း ထွန်းရွှေဝါဆေးတိုက်မှ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ထွန်းရွှေဝါ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး။

ထီပိဋကာ-နိကာယသာသနာပြုဥပဓ္ဈာယာကအဖွဲ့ (ရန်ကုန်ဌာန)

လှူဒါန်းနိုင်ပါသည်

[illegible]

(က) [illegible] တစ်စင်လျှင် ကျပ် [illegible]
(ခ) [illegible] တစ်စင်လျှင် ကျပ် [illegible]
(ဂ) [illegible] တစ်စင်လျှင် ကျပ် [illegible]
(ဃ) [illegible] တစ်စင်လျှင် ကျပ် [illegible]

[illegible]

ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ

[illegible]

[illegible] အလှူဆောင်အဖွဲ့

လက်ထပ်ပြီးစီးခြင်း

[illegible]

(MPPE) [illegible]

မောင်ပြည့်စုံအောင် (2nd Year Physics UDE)

(Logos International Institute Tokyo)

နှင့်

ရန်ကုန်မြို့၊ အမှတ်(NI)၊ [illegible]

ဦးအောင်နိုင် (GMS Line Shipping Co., Ltd Japan) - [illegible]

မချစ်ချစ်စုနိုင် (2nd Year Physics UDE)

(Logos International Institute Tokyo)

[illegible]

မောင်ပြည့်စုံအောင်-မချစ်ချစ်စုနိုင်

ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)

မကွေးခရိုင်တရားရုံး

၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ် ၂၄နှင့်ဆက်သွယ်သည်။

၂၀၀၆ခုနှစ် တရားမဇာရီမှုအမှတ် ၁၈နှင့်ဆက်သွယ်သည်။

ခရိုင်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၁။ ဦးဌေးမွန် မကွေးမြို့။

ဒီကရီအနိုင်ရသူ **တရားရှုံး**

၁။ ဦးဌေးမွန်၊ အမှတ်-၂၈၈၊ ပိတောက်လမ်း၊ ရန်မျိုးလုံရပ်၊ မကွေးမြို့ သိစေရမည်။

၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ် ၂၄တွင် ကျရှိသည့်ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ခရိုင်မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ်၊ မကွေးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူအခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၀၆ခုနှစ်၊ မေလ ၉ရက် (၁၃၆၈ခုနှစ် ကဆုန်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၀၆ခုနှစ် မတ်လ ၂၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြင့်မြင့်ဌေး
ခရိုင်တရားသူကြီး
မကွေးခရိုင်တရားရုံး၊မကွေးမြို့။

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အမှတ်(က/၂၂၀) မေတ္တာမွန်လမ်း ရဲစုတောင်ပိုင်းရပ်ကွက်၊ ထောက်ကြံ့နေ ကျွန်တော်၏ သမီးဖြစ်သူ မမြမြဆန်း(ခ)မသီရိ ၁၂/မဂဒ(နိုင်) ၁၁၆၇၃၈သည် မိဘများအပေါ် ခွင့်မလွှတ်နိုင်သည့် အပြစ်များပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။(၎င်းနှင့်ပတ်သက်သည့်ကိစ္စများအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။) **ဦးဇော်ဝင်း၊ ၁၂/မဂဒ(နိုင်)၀၃၅၈၄၉။**

ရန်ကုန်မြို့ တာမွေမြို့နယ် ဌေးကြွယ်(က)ရပ်ကွက် အာသောကလမ်း အမှတ် ၁၅နေ နှစ်ဖက်မိဘများ အမှူးထား၍ ဦးခင်မောင်ဝင်း-ဒေါ်ခင်ခင်ဖုန်း၊ သား မောင်ကျော်ဖြိုးဝင်း၊ မောင်ဇေယျဝင်း၊ မောင်ရဲရန်နိုင်ဝင်း မိသားစုတို့က ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ ရွှေကျောင်းတိုက် မြန်အောင်သမ္ဗုဒ္ဓေဘုရားစေတီရံတစ်ဆူအတွက် အလှူတော်ငွေကျပ်တစ်သိန်းလှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်တော်မူစဉ်။ (က-ပ)

ရွှေတောင် ပညာရေးမိသားစု စုပေါင်းရှင်ပြု

ရွှေတောင် ဧပြီ ၁၀

ပြည်ခရိုင် ရွှေတောင်မြို့နယ် ပညာရေးမှူးရုံးကကြီးမှူး၍ ပညာရေးမိသားစု၏ တတိယအကြိမ် စုပေါင်းရှင်ပြု အလှူတော်မင်္ဂလာပွဲကို ဧပြီ ၄ ရက်နှင့် ၅ ရက်များက အဆိုပါရုံးရှေ့ မဏ္ဍပ်တွင် ကျင်းပသည်။

ရှင်သာမဏေလောင်းများကို မော်တော်ယာဉ်များဖြင့်ဧပြီ၄ရက်ညနေက မြို့တွင်းတစ်ပတ်လှည့်လည်ကြပြီး ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှင့်ကြသည်။**(အပေါ်ပုံ)** ထို့နောက်မြို့နယ် ပညာရေးမှူး ဦးဘညိဏ်းတင့်နှင့် ဆရာဆရာမများ၊ အလှူရှင်များက ရွှေတောင်မြို့ မဟာဝိသုတာရာမ ဂန္ဓာရုံကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာကျော်ဘဒ္ဒန္တ ဦးအဂ္ဂဝံသထံမှ ကိုးပါးသီလခံယူကြပြီး ရေစက်ချ တရားတော် နာယူကြသည်။

အဆိုပါ စုပေါင်းရှင်ပြုပွဲတွင် ရှင်သာမဏေ ၅၃ ပါးကို သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကြို့ကုတ်(ပန်ဆိုင်း)အမှတ် ၈ ရပ်ကွက်သဇင်လမ်းကတ္တရာ လမ်းသစ်ဖွင့်ပွဲကိုမတ် ၁၅ ရက်ကကျင်းပရာ မူဆယ်မြို့နယ်ဥက္ကဋ္ဌ ဗိုလ်မှူးရဲလင်းဦး၊ အတွင်းရေးမှူး ဦးတင်ဦးနှင့် အမှုဆောင်အရာရှိ ဦးမြင့်သိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

မိုင်းဆတ်မြို့၌ ရေနုတ်မြောင်းကူးတံတား ပြန်လည်ပြုပြင်

မိုင်းဆတ် ဧပြီ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဘုရင့်နောင်လမ်းပေါ်ရှိ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးဘေး ရေနုတ်မြောင်းကူးတံတားကို မတ် ၅ရက်က ပြန်လည်ပြုပြင်တည်ဆောက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးခင်မောင်ဝင်းတို့က ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ အဆိုပါတံတားမှာ အရှည် ၁၇ ပေ၊ အကျယ် ၄ ပေ ၆ လက်မ ကွန်ကရစ်တံတား ဖြစ်ပြီး စည်ပင်သာယာရေးအဖွဲ့မှ ရန်ပုံငွေကျပ် တစ်သိန်းနှင့် ပြည်သူများ ထည့်ဝင်ငွေကျပ် ငါးသောင်းဖြင့် ဆောင်ရွက်ကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

လင်းခေးခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ မတ် ၂၂ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာန ကြက်ဆူစိုက်ခင်းတွင် ကိုင်းထိုးကြက်ဆူပင်များ စိုက်ပျိုးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မင်းကြောင်းချောင်းတံတား

❐ မင်းကြောင်းချောင်းတံတားမှာ ရန်ကုန် - တောင်ကုတ် - မအီ - ကျောက်ဖြူလမ်းမကြီး(မအီ-ကျောက်ဖြူ)အပိုင်း ရမ်းဗြဲမြို့နယ် အတွင်းတည်ရှိသည့် တံတားကြီးဖြစ်၊ တံတားအရှည်မှာ ၂၇၀၄ ဒသမ ၂ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၄ပေနှင့် တံတားတစ်ဖက်စီတွင် သုံးပေစီကျယ်သည့် လူသွားလမ်းတို့ပါရှိ။

❐ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ် ၁၇၁ပေ၊ အမြင့် ၃၈ ပေ၊ တံတားအမျိုးအစားမှာ အပေါ်ထည် သံမဏိ သံပေါင်သံကူ ကွန်ကရစ်တံတားအမျိုးအစားဖြစ်၊ အောက်ထည်မှာ သံကူကွန်ကရစ် ဘိုးပိုင် အုတ်မြစ်အမျိုးအစားဖြစ်၊ ခွင့်ပြုအလေးချိန်မှာ တန် ၆၀ဖြစ်။

❐ ဒေသခံပြည်သူများအတွက် ပင်လယ်ရေ အတက်အကျနှင့် ကြုံတွေ့ပြီး ရေချိုရရှိနိုင်ရန် အလွန်ခက်သည့် ဤဒေသ၌ မင်းကြောင်းချောင်းတံတားကြောင့် ရေချိုလုံလောက်စွာ အသုံးပြုနိုင်ခဲ့ပြီ။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သောနိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေပြည်တော်မြို့တော် မိုးလေဝသအခြေအနေ

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့(ဧပြီ ၁၉ ရက်)၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

မင်းကြောင်းချောင်းတံတား

ရခိုင်ပြည်နယ် မင်းကြောင်းချောင်းတံတားကို ဤသို့ ခံ့ထည်စွာတွေ့ရသည်။ (သတင်းစဉ်)